# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 2 February 2025 ၁၁၇၂၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**တလုံးတစည်းညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်အားမာန်ဖြင့် ...**

ဆောင်းပါး စာမျက်နှာ » ၆

**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲမှာ ရခိုင်ပြည်နယ်က စုစုပေါင်းအမယ် ၉၂ မျိုး ပါဝင်ပြသသွားမှာဖြစ်ပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၁

ယနေ့ည ၇ နာရီ ၁၁ မိနစ် ๐၉ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၃၂ မိုင်ခန့်အကွာ မြန်မာနိုင်ငံပြည်တွင်း (ကလေးမြို့၏ တောင်-အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၉၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၉၄ ဒီဂရီ၊ အနက် ၁๐ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

## ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရေး ဆည်ရေများကို ဖေဖော်ဝါရီ ၇ ရက်တွင် စတင်ပေးဝေမည်

ကန့်ဘလူ ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူလယ်သမားများ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၂၄၀၀၀ ကျော်အတွက် စိုက်ပျိုးရေများကို ဖေဖော်ဝါရီ ၇ ရက်တွင် စတင်ပေးဝေရန် စီစဉ်ထားကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



ကန့်ဘလူမြို့နယ်အတွင်းရှိ ကင်းတပ်ရေလှောင်တမံကို တွေ့ရစဉ်။



ကြက်မောက်တောင်ဆည်အတွင်း ဝင်ရောက်ကျက်စားနေသည့် ဆောင်းခိုရေပျော်ငှက် ဂျားမငှက်အုပ်ကို တွေ့ရစဉ်။

## ကြက်မောက်တောင်ဆည်နှင့် ဆည်ရေဝပ်ဧရိယာသို့ ကမ္ဘာ့ရှားပါးမျိုးစိတ် ဟိမဝန္တာလင်းတဆောင်းခိုငှက် အပါအဝင် ရေပျော်ငှက်၊ သစ်တောငှက်များ ဝင်ရောက်ကျက်စား

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ကြက်မောက်တောင်ဆည်နှင့် ဆည်ရေဝပ်ဧရိယာသို့ ဇန်နဝါရီလနောက်ဆုံးအပတ်တွင် ကမ္ဘာ့ရှားပါး ငှက်မျိုးစိတ်ဖြစ်သည့် ဟိမဝန္တာလင်းတ ဆောင်းခိုငှက် အပါအဝင် ဆောင်းခိုရေပျော်ငှက်၊ သစ်တောငှက်များ ဝင်ရောက်ကျက်စားလျက်ရှိကြောင်း ပုပ္ပားတောင်အမျိုးသားဥယျာဉ် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ သိရသည်။

"လက်ရှိမှာ ကြက်မောက်တောင်ဆည်အတွင်းနဲ့ ဆက်စပ်ဧရိယာတွေမှာ ဆောင်းခိုရေပျော်ငှက်နဲ့ သစ်တောငှက်မျိုးစိတ် ၂၀ ကျော် အကောင်ရေ ၁၀၀၀ နီးပါး ဝင်ရောက်နေပါတယ်။ အထူးသဖြင့် တခြားနိုင်ငံက ဆောင်းခိုငှက်တွေ ကျွန်တော်တို့နိုင်ငံကို လာရောက်ကျက်စားတယ်ဆိုတာ သဘာဝပတ်ဝန်းကျင်နဲ့ မူရင်းဒေသတွေ ကောင်းမွန်နေသေးတယ်ဆိုတာကို

စာမျက်နှာ ၃ ကော်လံ ၂ သို့ ✻

ကြေးမုံ

# နိုင်ငံနှင့်ဒေသတည်ငြိမ်အေးချမ်းရေး တပ်မတော်နှင့်ပြည်သူပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၁/၂၀၂၅)ကို ဇန်နဝါရီလ ၃၁ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်တာဝန်များကို သက်တမ်းတိုးတာဝန်ယူခဲ့သည့် ခြောက်လတာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ယနေ့မြန်မာနိုင်ငံ၏ အခြေအနေသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုကြောင့် ရွေးကောက်ပွဲရလဒ် ပယ်ဖျက်ခံရမှုအပေါ်တွင် မဲမသမာမှုပြုလုပ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်ဟောင်းတချို့က လူထုစိတ်ခံစားချက်များကိုအသုံးချပြီး သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခဲ့ခြင်းမှအစပြု၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုအချိန်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ EAO တို့အနေဖြင့်လည်း နိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းပေါ်တွင် အခွင့်ကောင်းယူပြီး တိုင်းရင်းသားရေး၊ နိုင်ငံရေးအကြောင်းပြချက်များနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့သည် အစွန်းရောက်ခံယူချက်များနှင့် ၎င်းတို့လှုပ်ရှားသည့်နယ်မြေများတွင် လှုံ့ဆော်အားပေးမှုများ ပြုလုပ်ခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် ပြည်တွင်း ပြည်ပမှ နိုင်ငံတော်အကျိုးကို မလိုလားသည့် ပြည်ဖျက်မီဒီယာများနှင့်ပူးပေါင်းပြီး မဟုတ်မမှန်သတင်းများကိုလည်း ဝါဒဖြန့်ခဲ့ကြသည်။ နိုင်ငံတစ်ဝန်းလုံးတွင် အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာအောင် ဟန်ချက်ညီညီဖြင့် အချိန်ကိုက်ဖြစ်အောင် လှုံ့ဆော်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ပြင် ဆင်ခြင်တုံတရားရှိသည့် ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများကိုလည်း ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းနှင့် ဖိအားပေးခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာပစ္စည်းများနှင့် နိုင်ငံပိုင်၊ ပြည်သူပိုင်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဥပမာအားဖြင့် ပြီးခဲ့သည့်နှစ်က ကယားပြည်နယ် လွိုင်ကော်မြို့ကို KNPP၊ PDF များ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့မှတက္ကသိုလ်အဆောက်အအုံများ ထိခိုက်ပျက်စီးပြီး ကျောင်းပိတ်ခဲ့ရသည်။ လွိုင်ကော်တက္ကသိုလ်မှ အဆောက်အအုံ ၄၄ လုံး ပျက်စီးခဲ့ပြီး ထိုအဆောက်အအုံများကိုပြုပြင်ရန် ငွေကျပ် ကိုးဘီလီယံခန့် ကုန်ကျမည်ဖြစ်သည်။ အဆိုပါငွေကျပ် ကိုးဘီလီယံသည် မူလတန်းကျောင်းအသစ်များစွာ ဆောက်လုပ်နိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစွာတို့ကို ဆောင်ရွက်ပေးနိုင်သည်။ ကျန်ရှိသောဖျက်ဆီးခံရသည့် တက္ကသိုလ်များ၊ ကျောင်းများ၊ ဈေးများ၊ ပြည်သူတို့၏ ပိုင်ဆိုင်မှုများကိုပါ ထည့်သွင်းတွက်ချက်ကြည့်ပါက ဘီလီယံပေါင်းအမြောက်အမြားရှိဦးမည်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် မြို့ရွာများကို အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့ကိုဖျက်ဆီးခြင်း၊ လုယက်ခြင်းများပြုလုပ်ပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိအောင် ဖန်တီးလျက်ရှိသည်။ အချို့သောတိုင်းရင်းသားလက်နက်ကိုင်များနှင့် PDF များသည် အဆိုပါအခြေအနေကို အခွင့်ကောင်းယူလျက် နယ်မြေချဲ့ထွင်နိုင်အောင် ပြုလုပ်နေခြင်းများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်ပြုလုပ်ခြင်းအပြင် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးအောင် ပြုလုပ်နေခြင်းများသာဖြစ်သည်။ အဆိုပါလုပ်ရပ်များ၏ အကျိုးဆက်ကို အစိုးရတစ်ရပ်နှင့် ဆိုင်သည်ဆိုသည်ထက် တိုင်းရင်းသားပြည်သူများ၏ ဆုံးရှုံးမှု၊ နိုင်ငံ၏ ဆုံးရှုံးမှုများသာဖြစ်နေသည်ကို ဒီမိုကရေစီကိုလိုလားပါသည်ဟုဆိုပြီး လှုံ့ဆော်အားပေးနေသည့် နိုင်ငံများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ စဉ်းစားဆင်ခြင်ကြရန် လိုမည်ဖြစ်သည်။ အပြုနှင့်အဖျက်အခြေအနေများကို ပြည်သူများက နားလည်သဘောပေါက်နေကြပြီဖြစ်သည်။

“ဒေသတစ်ခု တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျအောင် လုပ်နိုင်စွမ်းရှိသူများသည် အဆိုပါဒေသတွင်နေထိုင်ကြသည့် ဒေသခံများနှင့် ဒေသခံအကြမ်းဖက်သမားများသာဖြစ်ကြောင်း၊ ထိုသို့လက်နက်ကိုင်သောင်းကျန်းသူအကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူအားလုံးက ရှုတ်ချနေကြပြီး ရပ်တန့်သွားအောင် တပ်မတော်အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်နေကြောင်း” ဇန်နဝါရီလ ၃၁ ရက်နေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့သည်။

သို့ဖြစ်ရာ အများပြည်သူ လုံခြုံရေးနှင့်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူ့လုံခြုံရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်၊ အကြမ်းဖက်လုပ်ရပ်များရပ်တန့်သွားရန် တပ်မတော်နှင့်အတူ ပြည်သူအားလုံးပူးပေါင်းလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## အုတ်တွင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး ဟောပြော

အုတ်တွင်း ဖေဖော်ဝါရီ ၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနက သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကြက်သွန်ခင်း(၂) ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမင်းဟိဏ်းခန့်က သစ်တောထိန်းသိမ်းရေးနှင့် ရေသယံဇာတထိန်းသိမ်းရေး၊ တောအုပ်ကြီး ဦးရဲနောင်သွင်က မီးခိုးမြူငွေ့ လျှော့ချရေး ခေါင်းစဉ်တို့ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စပယ်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## ၁ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၄၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၂၀ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကျော်ရွှေထွန်း အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ချင်းတွင်းတံတား(မုံရွာ)ရေလမ်းပြောင်းလဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ချင်းတွင်းတံတား(မုံရွာ)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ် (၄)နှင့် (၅) အကြားမှလည်းကောင်း၊ အဆန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ် (၃) နှင့် (၄)အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။ ယခုအခါ ရေကြောင်းရေလမ်းအခြေအနေအရ တံတားရေလမ်းကြောင်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှစ၍ အစုန်၊ အဆန်ရေလမ်းကြောင်းအဖြစ် ရေလယ်တိုင်အမှတ်(၇) နှင့် (၈)အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

**မီးနီထွန်းပြသထား**

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိပြီး၊ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက်ပေ ၄၀ ရှိပြီး ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍၊ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါမီးနီထွန်းပြသထားမည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

○ **ရှေ့ဖုံးမှ**

ကန့်ဘလူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများအချိန်မီစိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေဖူလုံစေရန် ရေလှောင်တမံများမှ စိုက်ပျိုးရေများကို ရေပေးမြောင်းများမှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျဖြန့်ဝေပေးလျက်ရှိသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ကင်းတပ်ရေလှောင်တမံမှ တစ်ဆင့် ကင်းတပ်လက်ဝဲတူးမြောင်း (OMC)မှ နွေစပါး ဧက ၂၄၅၀၀၊ လင်ပန်းရေလှောင်တမံမှ ဧက ၁၅၀ စုစုပေါင်း ဧက ၂၄၆၅၀ ကို ဆည်ရေပေးဝေသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဒေသခံ တောင်သူလယ်သမားများ နွေစပါးစိုက်ပျိုးရေ အပြည့်အဝရရှိစေရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး မြောင်းအလိုက် ရေပေးဝေရေးလုပ်ငန်းများကို စနစ်တကျ လိုက်လံစစ်ဆေးခြင်း၊ ဆည်ရေအသုံးချရေးအဖွဲ့များ ဖွဲ့စည်း၍ ရေလိုအပ်သည့် မြောင်းလက်တံများ၌ ရေလှည့်စနစ်များပြုလုပ်ကာ ရေပေးဝေခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကျုံပျော်မြို့ သမိုင်းဝင်ပြည်လုံးပေါ်ဘိုးစိန်ကြီးဘုရားဝင်းအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ကျုံပျော် ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ရှေးဟောင်းသမိုင်းဝင် ပြည်လုံးပေါ်ဘိုးစိန်ကြီးဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးကုသိုလ်ပြုဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်း၍ ဘုရားကြီးအား ရေချင်တော်ဖွင့်ခြင်း၊ အရံစေတီတော်များနှင့် ဗောဓိညောင်ပင်အား ရေသပ္ပာယ်ခြင်းနှင့် ဘုရားကြီးပရဝဏ်အတွင်း သန့်ရှင်းရေးကုသိုလ်ပြုခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



✻ **ကြက်မောက်တောင်ဆည်မှ**

ပြသလိုက်တာပါပဲ။ ဂုဏ်ယူဖွယ်လည်းဖြစ်သလို Eco Tourism အတွက်ဆိုရင်လည်း ငှက်ဝါသနာရှင်တွေ အထူးနှစ်ခြိုက်ကြပါတယ်။ ”ဟု ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ တောအုပ်ကြီး ဦးကျော်နိုင်ဦးက ပြောသည်။



ကြက်မောက်တောင်ဆည်အတွင်း ဝင်ရောက်ကျက်စားလျက်ရှိသည့် ထန်းစေ့မုတ် ဆောင်းခိုငှက်ကို တွေ့ရစဉ်။

ကြက်မောက်တောင်ဆည်နှင့် ဆည်ရေဝပ်ဧရိယာတို့တွင် ဆောင်းခိုငှက်များဖြစ်သည့် စစ္စလီ၊ ဂျားမ၊ ထန်းစေ့မုတ်၊ ငဟစ်၊ ရေကြက်ဒုံ၊ ဗျိုင်းမျိုးစိတ်များ၊ ဟသ်ာ၊ ကြာဖက်နင်းနှင့် အခြားသော ရေပျော်ငှက်များ ကျက်စားလျက်ရှိပြီး စစ္စလီငှက်များ အများဆုံးဝင်ရောက်လျက်ရှိကာ ကမ္ဘာ့ရှားပါးမျိုးစိတ်ဝင် ဟိမဝန္တာလင်းတ၊ စာဝါကြားနှင့် အခြားသော သစ်တောငှက်မျိုးစိတ် ၁၅ မျိုးတို့ ဝင်ရောက် ကျက်စားလျက်ရှိကြောင်း သိရသည်။

“ကြက်မောက်တောင်ဆည် အထက်က စိုက်ခင်းတွေမှာလည်း သစ်တောငှက်တွေ ဝင်ရောက်တာရှိပါတယ်။ ဒါတွေကို ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နောင်နှစ်တွေမှာ ထူးခြားတဲ့ငှက်မျိုးစိတ်တွေဝင်ရောက်လာနိုင်ပါတယ်။ ဟိမဝန္တာလင်းတဆိုရင် ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်စာရင်းဝင်တစ်မျိုးဖြစ်ပြီး ဒီနှစ်မှာ တွေ့ရတာပါ” ဟု တောအုပ်ကြီး ဦးကျော်နိုင်ဦးက ပြောသည်။

ကြက်မောက်တောင်ဆည်နှင့် ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်တို့တွင် ရာသီအလိုက် ကာကွယ်ထားသောငှက်မျိုးစိတ် ၁၈ မျိုး၊ သာမန်ကာကွယ်ထားသောငှက်မျိုးစိတ် ၄၉ မျိုးနှင့် လုံးဝကာကွယ်ထားသောငှက်မျိုးစိတ် ၃၀ တို့ ရှင်သန်ကျက်စားလျက်ရှိကြောင်း သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ- ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ရုံး**

# တွံတေးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အခမ်းအနားကို တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ ပြိုင်ပွဲများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ / ရသ စာအုပ်များ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောမည့် စာရေးဆရာဝင်းထွဋ်ဦးနှင့် အခမ်းအနားတွင် ပါဝင်တင်ဆက်ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး အလှူရှင်များက ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားအတွက် အလှူငွေနှင့်စာအုပ်စာစောင်များလှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန် ဘက်စုံထူးချွန်ဆုပေးပွဲပြုလုပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း မင်္ဂလာဒုံ (အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန် ဘက်စုံထူးချွန်ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်း ခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ "တစ်ကျော့နှစ်ကျော့တေးကိုသီ" သီချင်းဖြင့်လည်းကောင်း၊ "ဇေယျာကမ်း အလှပန်းချီ " သီချင်းဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘက်စုံထူးချွန်လူရည်ချွန်ဆု ရရှိကြသူများ၊ (၂၅) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ(ဗဟိုအဆင့်)တွင် ဆုရရှိကြသူများ၊ ဂုဏ်ထူးရရှိကြသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စံပြဆုရရှိကြသူများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် KG တန်းမှ Grade-11 ထိ ဆုရရှိကြသူများ၊ တိုင်းဒေသကြီး/မြို့နယ်အဆင့်တို့တွင် ဆုရရှိကြသူများ၊ သင်္ချာ/အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများ၊ မြန်မာ/အင်္ဂလိပ်စာ ကျပန်းစကားပြောပြိုင်ပွဲများ၊ ကဗျာရွတ်ပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ MITV Quiz Time ပြိုင်ပွဲ၊ Mic Up English Speaking ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲတို့တွင် ဆုရရှိကြသူများ၊ ကျောင်းသန့်ရှင်းရေး အကောင်းဆုံးဆု ရရှိကြသော အတန်းများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ခွင့်ပျက်ရက်မရှိ ကျောင်းတက်ရက်မှန်ဆု ရရှိကြသော ဆရာ ဆရာမများ၊ အကောင်းဆုံးဝန်ထမ်းဆု ရရှိကြသူများ၊ သိပ္ပံတီထွင်မှုဆု ရရှိသော ကျောင်းသားတစ်ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှု များကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဟသ်ာတမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲများကျင်းပ

**ဟသ်ာတ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်ပညာရေးမှူးရုံးက ကြီးမှူး၍ ဟသ်ာတမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲများအား ယနေ့ နံနက် ၉ နာရီမှ စတင်၍ ဟသ်ာတမြို့ အမှတ်(၁/၂/၃/၄/၅) အခြေခံပညာအထက်တန်းကျောင်းများရှိ ခန်းမများ၌ ပြုလုပ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ဘာသာရပ်များအလိုက် ဆွေးနွေးပွဲများတွင် ဟသ်ာတမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၄၀ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်းနှစ်ကျောင်းတို့မှ Grade-12 ကျောင်းသား ကျောင်းသူ ၂၃၇၅ ဦးတို့ကို ဟသ်ာတတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ/ကထိက ၁၉ ဦးတို့က ဘာသာရပ် ကိုးမျိုးအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်ပေးစည်းမျဉ်းများနှင့်အညီ ပို့ချဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲများသို့ ဟသ်ာတခရိုင်ပညာရေးမှူးရုံး ခရိုင်ပညာရေးမှူး ဦးတိုးဝင်း၊ မြို့နယ်ပညာရေးမှူး ဦးထင်အောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်လေးမြို့နယ်၏ စဉ်ဆက်ပညာရေး ဆောင်ရွက်နေမှု ဖေဖော်ဝါရီ ၅ ရက်တွင် ပြီးမြောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

စာတတ်မြောက်ရေးလုပ်ငန်းကို ရှေ့ပြေးဆောင်ရွက်ခဲ့သည့် နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နောက်ဆက်တွဲလုပ်ငန်းအဖြစ် စဉ်ဆက်ပညာရေးကို သတ်မှတ်မြို့နယ်များ၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ်လေးမြို့နယ်၏ စဉ်ဆက်ပညာရေး ဆောင်ရွက်နေမှုသည် ဖေဖော်ဝါရီ ၅ ရက်တွင် ပြီးမြောက်မည်ဖြစ်ကြောင်း သိရသည်။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာဦးစီးဌာနသည် အဆိုပါမြို့နယ်လေးမြို့နယ်ရှိစာသင်ဝိုင်းများ၌ ဦးတည်အုပ်စုနှင့် ကိုက်ညီသူများအား စာဖတ်ရှိန်မြှင့်တင်ပေးခြင်း၊ ဝင်ငွေတိုးပွားရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် ဘဝသာယာရေးအတွက် အသိပညာပေးခြင်း စသည့် အစီအစဉ်သုံးရပ်ပါဝင်သော စဉ်ဆက်ပညာရေးလုပ်ငန်းသင်ကြားမှု



အသိပညာပေး ဖြန့်ဝေပေးနေမှုများကို ဆောင်ရွက်လျက်ရှိသည်။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၃၁ ရက်က ကျိုင်းတုံမြို့နယ်ရှိ ရပ်ကွက် (၄) အမက (၈) မူလွန်ကျောင်းတွင် ဖွင့်လှစ်ထားသည့် စာသင်ဝိုင်းနှင့် ရပ်ကွက် (၁) အမက (၃) မူလွန်ကျောင်းတွင် ဖွင့်လှစ်ထားသည့် စာသင်ဝိုင်းများသို့ လည်းကောင်း၊ မိုင်းခတ်မြို့နယ် ကျိုင်းပင်ကွေ့ရွာ အမက မူလွန်ကျောင်းရှိ စာသင်ဝိုင်းနှင့် ဝမ်ခုတ်ကျေးရွာ အမက မူလွန်ကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် စာသင်ဝိုင်းများသို့လည်းကောင်း သွားရောက်ကြည့်ရှုခဲ့ပြီး စေတနာလုပ်အားပေး နည်းပြများနှင့် ကြီးကြပ်များ၊ စာသင်သားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့သည်။

ကျောင်းပြင်ပနှင့် တစ်သက်တာပညာဦးစီးဌာနသည် စဉ်ဆက်ပညာရေးလုပ်ငန်းကို ဖေဖော်ဝါရီလဆန်းမှစပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)တို့ရှိ မြို့နယ်များတွင် လျာထားစာသင်သားပေါင်း ၃၈၇၅၇ ဦးကို စာသင်ဝိုင်းပေါင်း ၂၈၀၆ ဝိုင်းစုဖွဲ့၍ စေတနာလုပ်အားပေး နည်းပြ/ ကြီးကြပ်ပေါင်း ၃၅၁၂ ဦးတို့ဖြင့် ဆက်လက်သင်ကြားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်နိုင်ရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဖေဖော်ဝါရီ ၁**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်ဖွင့်လှစ်နိုင်ရန်အတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်တက္ကသိုလ်ရှိ တက္ကသိုလ်စာကြည့်တိုက်၊ ဆရာ ဆရာမအိမ်ရာများနှင့် ဝန်ထမ်းအိမ်ရာများ၊ ဒုတိယပါမောက္ခချုပ်နေအိမ်နှင့် အရာရှိအိမ်ရာများ၊ စားသောက်ဆိုင်တန်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ လွိုင်ကော်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် အင်ဂျင်နီယာမှူးတို့က လုပ်ငန်းများဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်တက္ကသိုလ်သည် ပြည်နယ်၏အထင်ကရနေရာတစ်ခုဖြစ်သဖြင့် တက္ကသိုလ်စာကြည့်တိုက်ရှိ သုတရသစာအုပ်စာစောင်များနှင့် ဘာသာရပ်အလိုက် ကျမ်းပြုစာတမ်းများအား စနစ်တကျ ပြန်လည်စုစည်းထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တက္ကသိုလ်နယ်မြေ ပရိဝုဏ်အတွင်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လူအင်အား၊ စက်ယန္တရားများဖြင့် တက္ကသိုလ်တွင်းလမ်းများ လမ်းဘေးဝဲယာတစ်လျှောက်၊ တက္ကသိုလ်ပင်မဆောင်နှင့် စာသင်ဆောင်များ၊ ဆရာ ဆရာမအိမ်ရာများ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များနှင့် စားသောက်ဆိုင်တန်းများ ပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေးနေမှုနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် စက်ယန္တရားများဖြင့် မီးတားလမ်းများဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တောင်ကြီးမြို့ ရေပေးဝေရေးစနစ်နှင့် လျှပ်စစ်မီးလင်းရေးစနစ် ဆောင်ရွက်မှုများ ရှင်းလင်း



**တောင်ကြီး ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ပေါ်ရှိရပ်ကွက်များသို့ ရေပေးဝေရေးစနစ်နှင့် လျှပ်စစ်မီးလင်းရေးစနစ် ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းခြင်းကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက ရေထွက်များမှ ရေများကို တောင်ကြီးမြို့ပေါ်ရှိရပ်ကွက်များအား ရေဖြန့်ဝေပေးမှုအခြေအနေများနှင့် လက်ရှိရေစုကန်တွင် လျှပ်စစ်မီးလိုင်း သီးသန့်ထားရှိပေးနိုင်ရန်၊ စည်ပင်သာယာရေးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရှိ ရေကားများဖြင့် ရေမရရှိသေးသည့်ရပ်ကွက်များသို့ ရေများဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး လျှပ်စစ်မီးနှင့်ပတ်သက်၍ ပြည်နယ်လျှပ်စစ်ဖြန့်ဖြူးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လာမည့်နွေရာသီကာလအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများ သောက်ရေ၊ သုံးရေအဆင်ပြေစေရေးအတွက် စည်ပင်သာယာရေးဌာနမှ ရေပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ တောင်ကြီးမြို့ ထီသိမ်(ရုရှား)ရေစုကန်မှ ဘုရားဖြူရပ်ကွက်(မြောက်ပိုင်း)၊ ရေအေးကွင်းရပ်ကွက်(အမြင့်ပိုင်း)၊ သစ်တောရပ်ကွက်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်များ၊ ထီသိမ်(ကျောက်တန်း) ရေစုကန်မှ မင်္ဂလာဦးရပ်ကွက်၊ ရေအေးကွင်းရပ်ကွက်၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ညောင်ဖြူစခန်းရပ်ကွက်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်များ၊ ပါမိုးနဲရေစုကန်မှ ဘုရားဖြူရပ်ကွက်(အမြင့်ပိုင်း)နှင့် ရေအေးကွင်းရပ်ကွက် (အမြင့်ပိုင်း)၊ ရေထွက်ဦးရေစုကန်မှ ရေအေးကွင်းရပ်ကွက်(အနိမ့်ပိုင်း)၊ ကန်ရှေ့ရပ်ကွက်နှင့် ကန်အောက်ရပ်ကွက်၊ တောင်ကျောင်းကြီးရေစုကန်မှ မြို့မရပ်ကွက်(အမြင့်ပိုင်း)၊ ဟော်ကုန်းရပ်ကွက်၊ ဈေးပိုင်းရပ်ကွက်၊ လမ်းမတော်ရပ်ကွက်၊ ဂနိုင်ရေစုကန်မှ မြို့မရပ်ကွက်၊ ကံသာရပ်ကွက်၊ စိန်ပန်းရပ်ကွက်၊ ရွှေတောင်ရပ်ကွက်၊ ချမ်းမြသာစည်ရပ်ကွက်၊ နားယောင်းရေထွက်မှတစ်ဆင့် ဆင်တောင်၊ ရန်ကင်းတောင်၊ ရတနာသီရိရေစုကန်များသို့ ရေမော်တာဖြင့် အဆင့်ဆင့်စုပ်တင်၍ ရတနာသီရိရေလှောင်ကန်၏ အရှေ့ဘက်ခြမ်း၊ အနောက်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်းရေလှောင်ကန်သို့လည်းကောင်း၊ ရတနာသီရိရေစုကန်မှ ရပ်တော်မူရေစုကန်သို့ ရေမော်တာဖြင့်စုတင်၍ ချမ်းသာရပ်ကွက်(အမြင့်ပိုင်း)၊ ချမ်းသာရပ်ကွက်(အနိမ့်ပိုင်း)၊ ကံသာရပ်ကွက်(အမြင့်ပိုင်း)များသို့လည်းကောင်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

တောင်ကြီးမြို့ပေါ်ရှိ ရွှေတောင်ရပ်ကွက်၊ စိန်ပန်းရပ်ကွက်၊ ချမ်းသာရပ်ကွက်၊ ကံသာရပ်ကွက်တို့ရှိ ပြည်သူများသောက်ရေ၊ သုံးရေရရှိရေးကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီမှစ၍ စည်ပင်သာယာရေးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ရေများဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် မွေးမြူရေးတိရစ္ဆာန်များ ဖြည့်ဆည်း

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ရာဂီမုန်တိုင်း အရှိန်ကြောင့် ရေကြီးရေလျှံမှုများ ကြုံတွေ့ခဲ့ရပြီး ပျက်စီးဆုံးရှုံးခဲ့ရသည့် မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မွေးမြူရေးတိရစ္ဆာန် ဝက်ကောင်ရေ ၅၀၀ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့တွင် နေပြည်တော် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စု ပေါင်းလောင်းကျေးရွာ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေး တောင်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရာဂီမုန်တိုင်းဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများ ဆုံးရှုံးပျက်စီးမှုများကြုံတွေ့ခဲ့ရကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ကျွဲ ၇၁ ကောင်၊ နွား ၂၁၄၂ ကောင်၊ ဝက် ၃၉၇၈ ကောင်၊ ဒေသကြက် ၂၂၈၇၈ ကောင်၊ ဥစားကြက် ၉၁၁၅ ကောင်၊ အသားတိုးကြက် ၉၄၂၀၀၊ ဘဲ ၁၂၁၆၃ ကောင်တို့ ပျက်စီးဆုံးရှုံးခဲ့မှုအပေါ် နိုင်ငံတော်က ကျွဲ ၇၁ ကောင်၊ နွား ၁၂၁၅ ကောင်၊ ဝက် ၃၉၅၇ ကောင်၊ သိုး/ဆိတ် ၁၆၈၈ ကောင်၊ ဒေသကြက် ၂၃၂၀၇ ကောင်၊ အသားတိုးကြက် ၉၃၇၀၀၊ ဥစားကြက် ၉၁၁၅ ကောင်၊ ဘဲ ၁၁၁၆၃ ကောင်တို့ကို ပြန်လည်ဖြည့်ဆည်းပေးခဲ့ပြီး ဆုံးရှုံးခဲ့သည့်ကောင်ရေများ ပြည့်မီအောင် ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း၊ ယခု လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာ အုပ်စုတွင် ဆုံးရှုံးခဲ့သည့် ဝက်ကောင်ရေ ၅၀၀ ကို ပြန်လည်ဖြည့်ဆည်းပေးအပ်သွားမည်ဖြစ်ပြီး လိုအပ်သော မွေးမြူရေး နည်းစနစ်များ၊ ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်၍ မွေးမြူရေးတိရစ္ဆာန်များ အောင်မြင်ဖြစ်ထွန်းအောင် မွေးမြူထုတ်လုပ်ရေး၊ နည်းစနစ်ကျကျ တိုးချဲ့မွေးမြူနိုင်ရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကူညီ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**နိုင်ငံတော်က ကျွဲ ၇၁ ကောင်၊ နွား ၁၂၁၅ ကောင်၊ ဝက် ၃၉၅၇ ကောင်၊ သိုး / ဆိတ် ၁၆၈၈ ကောင်၊ ဒေသကြက် ၂၃၂၀၇ ကောင်၊ အသားတိုးကြက် ၉၃၇၀၀၊ ဥစားကြက် ၉၁၁၅ ကောင်၊ ဘဲ ၁၁၁၆၃ ကောင် ပြန်လည်ဖြည့်ဆည်းပေးခဲ့ပြီး ဆုံးရှုံးခဲ့သည့်ကောင်ရေများ ပြည့်မီအောင် ဖြည့်ဆည်းပေးသွားမည်**

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝက်ကောင်ရေ ၅၀၀ ကို ပေးအပ်ရာ ပေါက်မြိုင်၊ ရေလည်ပေါက်၊ ကြို့ပင်သာ၊ ပေါင်းလောင်းနှင့် အောင်သုခကျေးရွာတို့မှ မွေးမြူရေးတောင်သူ ကိုယ်စားလှယ်များက လက်ခံရယူကြပြီး ဝက်မွေးမြူသူများ ကိုယ်စား ပေါက်မြိုင်ရေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်မြိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ပန်းတင်ကျေးရွာ ဟိန်းမဟာအသားစားကြက် မွေးမြူရေးခြံသို့ရောက်ရှိပြီး အသားစားကြက် ကောင်ရေ ၂၀၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဇီဝလုံခြုံရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် နေပြည်တော် ကောင်စီနယ်မြေ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၌ မွေးမြူရေးနှင့် ကုသရေးကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာရေးအတွက် ခိုင်မာသော ဈေးကွက် ဖော်ဆောင်ပေးနိုင်ရေး၊ ဈေးကွက်နှင့် ကိုက်ညီသော အရည်အသွေးပြည့် ထုတ်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်နိုင်စေရေး၊ တစ်ပိုင်တစ်နိုင် ယူနစ်အလိုက် မွေးမြူရေးစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# တလုံးတစည်းညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်အားမာန်ဖြင့် ...

နေမင်းသျှင်



လွန်ခဲ့သည့် ၇၈ နှစ်က မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရန်၊ နယ်ချဲ့လက်အောက်တွင် ခွဲခြားအုပ်ချုပ်ခံထားခဲ့ရသည့် တောင်တန်းနှင့် ပြည်မဒေသများအားလုံး အတူတကွ လွတ်မြောက်နိုင်ရန်အတွက် တိုင်းရင်းသားများ ပေါင်းစည်းညီညွတ်မှုကို ပြသကာ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့လေးတွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုအချိန်မှစကာ ပင်လုံဟုဆိုလျှင် စည်းလုံးညီညွတ်ခြင်း၏ သင်္ကေတ၊ ပင်လုံစိတ်ဓာတ်ဟုဆိုလျှင် စည်းလုံးညီညွတ်သည့် စိတ်ဓာတ်ဟူသည့် အနက်အဓိပ္ပာယ်ကို ဆောင်လာသည်။

သမိုင်းကိုပြန်ကြည့်လျှင် ပင်လုံစာချုပ်သည် လွယ်လွယ်ကူကူ ဖြစ်ပေါ်လာနိုင်ခဲ့ခြင်း မဟုတ်ကြောင်း လေ့လာတွေ့ရှိနိုင်သည်။ နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် နေထိုင်ခဲ့ကြရပြီးသည့်နောက် မြေပြန့်နှင့်တောင်ပေါ်ဒေသများအကြား ကွဲပြားခြားနားမှုများစွာ ရှိလာခဲ့သည်။

## တင်းကျပ်စွာတားမြစ်

တစ်နည်းအားဖြင့် အများစုဖြစ်သော မြေပြန့်ဒေသနေ ဗမာနှင့် အခြားတောင်ပေါ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပေါ်တိုးတက်မှုများ ကွာခြားသွားခဲ့ခြင်းဖြစ်သည်။ နယ်ချဲ့တို့၏ ခွဲခြားအုပ်ချုပ်ပုံစနစ်အရ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စသည့် အကျိုးအမြတ်ဖြစ်ထွန်းသည့် အချက်အချာဒေသဖြစ်သော မြေပြန့်ပြည်မဒေသကို ဗြိတိသျှတို့က တိုက်ရိုက်အုပ်ချုပ်ခဲ့ပြီး တောင်တန်းဒေသများကို ပဒေသရာဇ်စနစ်အတိုင်း ဆက်လက်ထားရှိ၍ သွယ်ဝိုက်အုပ်ချုပ်ကာ ပြည်မနှင့် တောင်တန်းဒေသများအကြား ကူးလူးဆက်ဆံသွားလာမှုများကို တင်းကျပ်စွာ တားမြစ်ပိတ်ပင်ထားခဲ့သည်။

ဤနည်းလမ်းက ဘာသာစကား၊ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုတို့ မတူညီကြသည့် လူမျိုးများကိုအုပ်ချုပ်ရာတွင် လွယ်ကူစေရုံမျှမက အုပ်ချုပ်မှုစရိတ်အကုန်အကျကိုလည်း သက်သာစေသည်။ တစ်ဖက်ကလည်း ဘာသာရေးနှင့် ယဉ်ကျေးမှုတို့တွင်ပါ မူလက တိုင်းရင်းသားပဒေသရာဇ်တို့ မြန်မာပုံစံယူခဲ့ကြသည်ကို အင်္ဂလိပ်ပုံစံသို့ ပြောင်းလဲလာစေရန်လည်း နယ်ချဲ့တို့ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။ ပင်လုံစာချုပ် ချုပ်ဆိုချိန်သည် ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာပေါ်တွင် ကိုလိုနီစနစ် စတင်ပြိုလဲကျလာချိန်ဖြစ်သည်။ နယ်ချဲ့တို့သည် တစ်ချိန်က ၎င်းတို့ ကျူးကျော်သိမ်းပိုက်ခဲ့သည့်နိုင်ငံများကို မဖြစ်မနေ လွတ်လပ်ရေးပေးရတော့မည့်အခြေအနေတွင် ဒေသအချို့ကို ၎င်းတို့လက်အောက်တွင် ဆက်လက်ထားရှိနိုင်ရန် ကြိုးပမ်းခဲ့ကြရာ မြန်မာနိုင်ငံကိုလည်း လွတ်လပ်ရေးပေးရတော့မည့်အခြေအနေတွင် ဗမာလူမျိုးနှင့် အခြားတိုင်းရင်းသားလူမျိုးများအကြား သံသယပွားစေရန်နှင့် သွေးကွဲစေရန် သွေးထိုးမှုအမျိုးမျိုး ပြုလုပ်ခဲ့ကြသည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံစာချုပ် လက်မှတ်ရေးထိုးကြရာတွင် အပေးအယူလုပ် ညှိနှိုင်းရမှုအချို့ရှိခဲ့ပြီး လွတ်လပ်ရေးရယူပြီးချိန်တွင် မိမိတို့အချင်းချင်းကြား ချစ်ကြည်ရင်းနှီးမှုကို အရင်းတည်၍ ဆက်လက်ဆောင်ရွက်ရန်တို့ ကျန်ရှိခဲ့သည်။ နိုင်ငံလွတ်လပ်ရေး ရယူပြီးသည့်နောက်တွင် နိုင်ငံ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ဆောင်ရွက်ကြရာ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဟု ဗိုလ်ချုပ်အောင်ဆန်းက မျှော်မှန်းခဲ့ခြင်းဖြစ်သည်။

## ဖျက်ဆီးလျက်ရှိ

လွတ်လပ်ရေးရရှိပြီး ၇၇ နှစ်ကြာမြင့်လာပြီဖြစ်သည့် ယနေ့အချိန်တွင် မိမိတို့နိုင်ငံသည် ပြည်တွင်းဒေသအများအပြား၌ မတည်ငြိမ်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် ကြုံတွေ့နေရပြီး ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးမသွားစေရန် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူများက ဝိုင်းဝန်းကာကွယ်နေကြရသည့် အခြေအနေသို့ ရောက်ရှိနေသည်။ လွတ်လပ်ရေးနှင့် မရှေးမနှောင်းမှာပင် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို အပြီးတိုင် မဖြေရှင်းနိုင်သေးသည့်အပြင် အသစ်ထပ်မံပေါ်ပေါက်လာသည့် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းမှုများက နိုင်ငံနှင့်လူမျိုးတို့ကို နစ်မွန်းသည်ထက် နစ်မွန်းအောင် နှစ်မြှုပ်ဖျက်ဆီးလျက်ရှိသည်။

ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ၊ အကြမ်းဖက် တိုက်ခိုက်မှုများရှိနေခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုတစ်ဝန်းလုံးငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်သေးခြင်းတို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ကင်းကင်းမလုပ်နိုင်၊ မဖွံ့ဖြိုးမတိုးတက်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်းတို့ကြောင့် လက်နက်ကိုင်ပဋိပက္ခနွံတွင်းမှ မတက်နိုင်သည့် သံသရာထဲတွင် တဝဲလည်လည်လှည့်ပတ်နေခဲ့ရာ ဆယ်စုနှစ်များစွာကြာမြင့်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများစွာတို့ ဖွံ့ဖြိုးတိုးတက်သွားခဲ့ကြသော်လည်း မိမိတို့နိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားတို့ နောက်ကျကျန်ရစ်နေခဲ့ရသည်။

ပြီးခဲ့သည့် ၇၇ နှစ်တာကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် အနှောင့်အယှက်၊ အဟန့်အတားများကြားတွင် နှေးကွေးနောက်ကျခဲ့ရခြင်းသည် လည်းကောင်း၊ လူမျိုးစွဲ၊ ဝါဒစွဲ အကြောင်းအမျိုးမျိုးဖြင့် လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေခဲ့ခြင်းသည်လည်းကောင်း တကယ့်အခြေအနေမှန်များပင်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပင်လုံမြေတွင် စတင်အခြေတည်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွင်း ဆက်လက်ရှင်သန်နေခဲ့ပြီး နိုင်ငံတော်၏ တစ်ခုတည်းသော အင်စတီကျူးရှင်းဖြစ်သည့် တပ်မတော်နှင့်အတူလက်တွဲကာ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ခေတ်အဆက်ဆက်တွင် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ခြင်းသည်လည်း ပကတိအရှိတရားပင်ဖြစ်သည်။

## ကြံ့ကြံ့ခံကျော်ဖြတ်ခဲ့

မြန်မာ့တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်ကို အရင်းခံ၍ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ရာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားအကျိုးစီးပွားတာဝန်သုံးရပ်ကို ဦးထိပ်ပန်ကာ ပြည်သူနှင့်အတူလက်တွဲ၍ နိုင်ငံရေးလောကဓံတို့ကို ကြံ့ကြံ့ခံကျော်ဖြတ်ခဲ့ရခြင်းလည်းဖြစ်သည်။

လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင် စတင်တောက်လောင်လာခဲ့သည့် ပြည်တွင်းရောင်စုံသူပုန်သောင်းကျန်းမှု အရှိန်အဟုန် မြင့်တက်နေသည့်ကာလ၊ တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်အဖွဲ့အစည်းများစွာ၊ အုပ်စုများစွာတို့ ပုန်ကန်ထကြွနေကြခြင်းကြောင့် ထိုစဉ်က မြန်မာအစိုးရကို နိုင်ငံတကာမီဒီယာတို့က ရန်ကုန်အစိုးရဟု ခေါ်ဆိုနေကြသည့်အချိန်တွင် အင်အားနှစ်သောင်းခန့်သာရှိခဲ့သော မြန်မာ့တပ်မတော်သည် ပြည်သူလူထု၏ အားပေးမှု၊ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ ရက်ပေါင်း ၁၂၂ ရက်ကြာ အင်းစိန်တိုက်ပွဲကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတစ်ဝန်း ရောင်စုံသောင်းကျန်းမှုများကို တစ်ဆင့်ပြီးတစ်ဆင့် နှိမ်နင်းချေမှုန်းခဲ့ရပြီး ပြည်ပမှ ကျူးကျော်လာသူ တရုတ်ဖြူတို့ကိုလည်း တွန်းလှန်တိုက်ခိုက် မောင်းထုတ်ခဲ့ရခြင်းဖြင့် ပြည်ထောင်စုကြီးမပြိုကွဲရေး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ရသည်။

လက်ရှိကာလတွင် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများက မိမိတို့နိုင်ငံ၏အကျိုးကို မလိုလားသော ပြည်ပအင်အားကြီး နိုင်ငံအချို့၏ သွေးထိုးမြှောက်ပင့်အားပေးမှုတို့ဖြင့် ဆူပူအကြမ်းဖက်မှုမျိုးစုံနှင့် တိုက်ပွဲများဖော်ဆောင်လျက်ရှိရာ အပြစ်မဲ့ပြည်သူများ၏

စာမျက်နှာ ၇ သို့

ပြီးခဲ့သည့် ၇၇ နှစ်တာကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် အနှောင့်အယှက်၊ အဟန့်အတားများကြားတွင် နှေးကွေးနောက်ကျခဲ့ရခြင်းသည်လည်းကောင်း၊ လူမျိုးစွဲ၊ ဝါဒစွဲအကြောင်းအမျိုးမျိုးဖြင့် လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေခဲ့ခြင်းသည်လည်းကောင်း တကယ့်အခြေအနေမှန်များပင်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ပင်လုံမြေတွင် စတင်အခြေတည်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွင်း ဆက်လက်ရှင်သန်နေခဲ့ပြီး နိုင်ငံတော်၏တစ်ခုတည်းသော အင်စတီကျူးရှင်းဖြစ်သည့် တပ်မတော်နှင့်အတူလက်တွဲကာ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ခေတ်အဆက်ဆက်တွင် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ခြင်းသည်လည်း ပကတိအရှိတရားပင်ဖြစ်သည်

# စစ်တွေမြို့ပေါ်ရှိ ရှေးဟောင်းဘုရား၊ စေတီ၊ သိမ်ကျောင်းဆောင်များ ပြန်လည်ပြုပြင်ပြီးစီးမှု ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၁**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စစ်တွေမြို့ပေါ်ရှိ ရှေးဟောင်းဘုရား၊ စေတီ၊ သိမ်ကျောင်းဆောင်များနှင့်အဆောက်အအုံများအား ပြန်လည်ပြုပြင်ပြီးစီး၍ ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီး ရင်ပြင်တော်၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ အခမ်းအနားကို ကြွရောက်တော်မူကြသော သံဃာတော် အရှင်သူမြတ်များနှင့် ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။ ဆက်လက်၍ စစ်တွေမြို့ ကြွဖြူကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇေဝန္တ မဟာထေရ်မြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များရွတ်ပွား ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သံဃာတော် အရှင်သူမြတ်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် မြို့နယ်ဩဝါဒါစရိယ စစ်တွေမြို့ ပညာလင်္ကာရ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အနုမောဒနတရား နာယူကြပြီး သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**



မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အနုမောဒနတရား နာယူကြပြီး သွန်းချ အမျှပေးဝေခဲ့ကြောင်း နာဂိန္ဒမဟာထေရ်မြတ် ထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက် သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**

❂ စာမျက်နှာ ၆ မှ

**အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးမှု၊ မြို့ရွာများ ပျက်စီးဆုံးရှုံးမှုတို့ ဖြစ်ပေါ်လျက်ရှိသည်။**

နိုင်ငံတော်ကို ဆန့်ကျင်ပုန်ကန် တိုက်ခိုက်နေကြသည့် သောင်းကျန်းသူများမှာ လူမျိုးစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲပေါင်းစုံနှင့်ဖြစ်ကြပြီး ၎င်းတို့အချင်းချင်းကြားမှ နယ်မြေအငြင်းပွား လုယက်မှုများ၊ လူမျိုးရေးခွဲခြားဆက်ဆံမှုများ၊ အင်အားသုံးနိုင်ထက်စီးနင်းပြုကျင့်မှုများ၊ နှိပ်စက်ညှဉ်းပန်း လုပ်ကြံသတ်ဖြတ်မှုများ၊ ကိုယ်ကျိုးစီးပွား ရှာဖွေလုပ်ကိုင်နေကြမှုများ စသည်ဖြင့် တစ်တောတစ်ကြက်ဖတွန်နေကြသည့် ဇာတ်လမ်းများ နေ့စဉ်နှင့်အမျှ ပေါ်ထွက်နေသည်ကို တွေ့နေရသည်မှာလည်း စိတ်မချမ်းမြေ့ဖွယ်ရာပင် ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများစွာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အပြန်အလှန် အမှီသဟဲပြုနေထိုင်နေကြရသည့်နိုင်ငံတွင် ကျဉ်းမြောင်းသည့် လူမျိုးရေးဝါဒကိုကိုင်စွဲကာ လူမျိုးတစ်မျိုးနှင့် တစ်မျိုးကြား ရန်လိုမုန်းတီးမှုများ ဖန်တီးခြင်းသည် ဉာဏ်ပညာနည်းပါးမိုက်မဲခြင်းပင်ဖြစ်ပြီး မိမိတို့အားလုံး ပျက်စီးရာပျက်စီးကြောင်းသာ ဖြစ်စေနိုင်သည်ဟု တွေးခေါ်ဆင်ခြင်နိုင်ကြရန် လိုသည်။

## အန္တိမရည်မှန်းချက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်ကို စတင်ထမ်းဆောင်စဉ်ကပင် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပပေးရေးသည် အန္တိမရည်မှန်းချက်ဖြစ်ကြောင်း တိုင်းသိပြည်သိ ကြေညာခဲ့သည်။ ရွေးကောက်ပွဲမဲမသမာမှုကို ဥပဒေနည်းလမ်းများနှင့်အညီ ဖြေရှင်းရန် ပျက်ကွက်ခြင်းမှ စတင်ခဲ့သည့် နိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်ချိန်တွင် သာမန်ဆန္ဒပြရာမှ မင်းမဲ့စရိုက်ဆန်သည့် ဆူပူလှုပ်ရှားမှုများသို့လည်းကောင်း၊ ယင်းမှတစ်ဆင့် NLD အစွန်းရောက်ပါတီဝင်အချို့၏ဦးဆောင်မှုဖြင့် လက်နက်ကိုင်ဆူပူအကြမ်းဖက်မှုများသို့လည်းကောင်း ပြောင်းလဲရောက်ရှိသွားခဲ့သည်။

ထိုမျှမက လူငယ်အချို့ကို အတွေးအခေါ် အယူအဆမှားများရိုက်သွင်းကာ နိုင်ငံတော်အပေါ် သဘောထားမမှန်သည့် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများထံသို့ပို့ပြီး အကြမ်းဖက်စစ်သင်တန်းများ သင်ကြားစေခဲ့သည်။ ယင်းမှထွက်ပေါ်လာသည့် အကြမ်းဖက်သမားများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အပြစ်မဲ့ပြည်သူများကို သူလျှိုဒလန်ဟု စွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်မှုများ၊ မိုင်းထောင်၊ ဗုံးခွဲ၊ ပစ်ခတ်၊ ဖျက်ဆီးမှုများကို ဒေသအနှံ့အပြားတွင် ပြုလုပ်ခဲ့၊ ပြုလုပ်နေဆဲဖြစ်သည်။

**CRPH, NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF**

> CRPH, NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၊ ဒေသအလိုက် ပေါ်ထွက်လာသည့် လက်နက်ကိုင်သောင်းကျန်းသူအုပ်စုများ ထကြွသောင်းကျန်းမှုကြောင့် ပြည်တွင်းမတည်မငြိမ်ဖြစ်ပေါ်နေခြင်းကို အခွင့်ကောင်းယူကာ အချို့သောလက်နက်ကိုင်အဖွဲ့များက နယ်မြေချဲ့ထွင်တိုက်ခိုက်သိမ်းပိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့၏လုပ်ရပ်များကြောင့် တည်ငြိမ်အေးချမ်းနေသည့် နယ်မြေဒေသများမှာ စစ်ဘေးဒဏ်သင့်ခဲ့ရပြီး ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လမ်း၊ တံတားများမှအစ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရသည်။ ဒေသအတွင်းရှိ ပြည်သူများမှာလည်း ၎င်းတို့ပိုင်အိုးအိမ်များ၊ လုပ်ငန်းများကိုစွန့်ခွာ၍ တိုက်ပွဲရှောင်များအဖြစ် အခြားဒေသများတွင် သွားရောက်ခိုလှုံနေထိုင်ခဲ့ကြရသည်

အမည်ခံ အကြမ်းဖက်သမားများ၊ ဒေသအလိုက် ပေါ်ထွက်လာသည့် လက်နက်ကိုင်သောင်းကျန်းသူအုပ်စုများ ထကြွသောင်းကျန်းမှုကြောင့် ပြည်တွင်းမတည်မငြိမ်ဖြစ်ပေါ်နေခြင်းကို အခွင့်ကောင်းယူကာ အချို့သော လက်နက်ကိုင်အဖွဲ့များက နယ်မြေချဲ့ထွင် တိုက်ခိုက်သိမ်းပိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့၏ လုပ်ရပ်များကြောင့် တည်ငြိမ်အေးချမ်းနေသည့် နယ်မြေဒေသများမှာ စစ်ဘေးဒဏ်သင့်ခဲ့ရပြီး ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လမ်း၊ တံတားများမှအစ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရသည်။ ဒေသအတွင်းရှိ ပြည်သူများမှာလည်း ၎င်းတို့ပိုင်အိုးအိမ်များ၊ လုပ်ငန်းများကို စွန့်ခွာ၍ တိုက်ပွဲရှောင်များအဖြစ် အခြားဒေသများတွင် သွားရောက်ခိုလှုံနေထိုင်ခဲ့ကြရသည်။

## ထိခိုက်နစ်နာစေခဲ့

လူနေမြို့ရွာများကို အင်အားသုံးတိုက်ခိုက်မှုများအပြင် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကအသုံးပြုနေရသည့် လမ်းကြောင်းများကို ဖျက်ဆီးပိတ်ဆို့မှုများကြောင့် ပြည်သူလူထုအတွက်ရော နိုင်ငံအတွက်ပါ များစွာ ထိခိုက်နစ်နာစေခဲ့သည်။ အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းမှုများ သက်ဆိုးရှည်ရေး၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ အရှိန်မြှင့်လာစေရေးအတွက် ငွေကြေး၊ လက်နက်ခဲယမ်း၊ ဆေးဝါး၊ အစားအသောက်၊ နည်းပညာများကို ပြည်ပနိုင်ငံအချို့က နောက်ကွယ်မှ ထောက်ပံ့ခဲ့ကြပြီး ပြည်ပြေးမီဒီယာများကလည်း သတင်းတု၊ သတင်းအမှားများ ထုတ်လွှင့်ကာ ပြည်ဖျက်လုပ်ရပ်များတွင် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပါဝင်ခဲ့ကြသည်။

လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့်မူ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် တိုက်တွန်းဆော်ဩနေသကဲ့သို့ ငြိမ်းချမ်းရေးအတွက်လည်း ဖိတ်ခေါ်ကာ တံခါးဖွင့် လက်ကမ်းကြိုဆိုလျက်ရှိသည်။ တစ်ဖက်တွင်လည်း ပြည်တွင်းဒေသအနှံ့အပြားတွင် ဖြစ်ပေါ်နေသည့် အကြမ်းဖက်ထကြွသောင်းကျန်းမှုများကို တိုက်ခိုက်နှိမ်နင်း၍ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်

နိုင်ငံတော်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ကြရာတွင် မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ထက်သန်သည့် ပြည်ထောင်စုဖွား ပြည်သူတစ်ရပ်လုံးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးတို့ အတူတကွ စုပေါင်းနေထိုင်ကြသည့် နိုင်ငံဖြစ်ပြီး ခွဲခြား၍မရသည့် တောတောင်ရေမြေနှင့် စိုက်ပျိုးမွေးမြူ ကုန်ထုတ်ကုန်သွယ် စီးပွားအခြေအနေများအထိ အပြန်အလှန် ပတ်သက်ဆက်နွယ် ရိုင်းပင်းလုပ်ကိုင်နေကြရခြင်းဖြစ်သည်။ မည်သည့်တိုင်းဒေသကြီး၊ မည်သည့်ပြည်နယ်တွင်မှ လူမျိုးတစ်မျိုးတည်း သီးသန့်နေထိုင်ကြခြင်း မဟုတ်ဘဲ လူမျိုးတစ်မျိုးထက်မက စုပေါင်းနေထိုင်နေကြခြင်းဖြစ်သည်။

စီမံအုပ်ချုပ်မှုစနစ်အရ ပြည်ထောင်စုကြီး၏ အစိတ်အပိုင်းများကို တိုင်းဒေသကြီးများ၊ ပြည်နယ်များအဖြစ် ပိုင်းခြားသတ်မှတ်ထားခြင်း ဖြစ်သော်လည်း အားလုံးမှာ အဆင့်အတန်းအတူတူ၊ ဤမြေပေါ်တွင် မှီတင်းနေထိုင်ကြသူအားလုံးမှာလည်း တန်းတူရည်တူသာဖြစ်သည်ဟု ပြဋ္ဌာန်းထားသကဲ့သို့ မြန်မာနိုင်ငံသားတိုင်းသည်လည်း မြန်မာနိုင်ငံအတွင်း မည်သည့်ချုပ်ချယ်တားဆီးကန့်သတ်မှုမှမပါဘဲ လွတ်လပ်စွာသွားလာနေထိုင်ခွင့်၊ လွတ်လပ်စွာ ကုန်စည်ကူးသန်းရောင်းဝယ်ခွင့်တို့ ရှိရမည်သာ ဖြစ်သည်။

ဒီမိုကရေစီ၊ လူ့အခွင့်အရေးတို့နှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဆန့်ကျင်သည့် ကျဉ်းမြောင်းသော လူမျိုးစွဲဝါဒ၊ ခွဲခြားဆက်ဆံ မုန်းတီးရေးဝါဒသည် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ခြင်း၊ ပျက်စီးဆုံးရှုံးခြင်းကဲ့သို့သော အနိဋ္ဌာရုံများကိုသာ ဖြစ်ပေါ်စေနိုင်သည်ကို ကမ္ဘာ့သမိုင်းသင်ခန်းစာများမှလည်း ထုတ်ယူဆင်ခြင်နိုင်ကြရမည် ဖြစ်သည်။

## အလေးအနက်ထိန်းသိမ်း

အမိမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် မိမိတို့အားလုံး တစ်မျိုးတည်းသာဟူသော ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထက်မြက်ရေးကို ဦးထိပ်ပန်ဆင်ကြရမည် ဖြစ်သကဲ့သို့ လူမျိုးတစ်မျိုးချင်းစီ၏ ဘာသာ၊ စာပေ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု စသည့် ဝိသေသလက္ခဏာများ မပျောက်မပျက် ဆက်လက်ထွန်းကားနေစေရန်လည်း အလေးအနက် ထိန်းသိမ်းကြရမည်ဖြစ်သည်။ လူမျိုးတစ်မျိုးနှင့် တစ်မျိုးတို့အကြား သပ်လျှိုခြင်း၊ သွေးခွဲခြင်း၊ ရန်တိုက်ခြင်း၊ အမုန်းတရားများ ဖြစ်ပေါ်လာစေရန် လှုံ့ဆော်ဖန်တီးခြင်း ဟူသမျှတို့ကို အထူးသတိပြု ဆန့်ကျင်တွန်းလှန်ကြရန်လည်း လိုအပ်သည်။

ပြည်ထောင်စုဖွား နိုင်ငံသားတစ်ဦးနှင့်တစ်ဦးတို့အကြား အပြန်အလှန်ချစ်ခင်ရင်းနှီးမှု၊ ကူညီရိုင်းပင်းမှု၊ အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ သည်းခံခွင့်လွှတ်မှုတို့ဖြင့် သံယောဇဉ်တရားကို တည်ဆောက်ကာ ထာဝစဉ်စွဲမြဲရှင်သန်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ဆက်လက်ခံယူသွားကြရမည် ဖြစ်သည်။ တစ်သွေးတည်းတစ်သားတည်း စည်းလုံးညီညွတ်၍ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားတို့ တောင့်တင်းခိုင်မာသော ပြည်ထောင်စုကြီးကို ပြည်ထောင်စုသားအားလုံး၏ စုပေါင်းအင်အားဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းတည်ဆောက်ကြရန်နှင့် ပြည်ထောင်စုကို ဖြိုခွဲရန် ကြိုးပမ်းလာသည့် ပြည်တွင်း၊ ပြည်ပ အဖျက်ရန်တို့ကိုလည်း ခေတ်အဆက်ဆက်က မိမိတို့ဘိုးဘွားများ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစည်းတလုံးတည်း တွန်းလှန်ခဲ့ကြသည့်နည်းတူ မိမိတို့ခေတ်တွင်လည်း တစ်မျိုးသားလုံး တာဝန်ကျေပွန်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် သူနာပြု၊ သားဖွား သင်တန်းကျောင်းနှင့် ပညာရေးဒီဂရီကောလိပ် သင်တန်းသား သင်တန်းသူများအား ဆန်ရိက္ခာများ ချီးမြှင့်ပေးအပ်၊ ပြည်ထောင်စုနေ့အခမ်းအနားတွင် ပါဝင်ဖျော်ဖြေကြမည့် ပြည်နယ်အကအဖွဲ့အား ကြည့်ရှုအားပေးချီးမြှင့်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သူနာပြု၊ သားဖွားသင်တန်းကျောင်း လေးထပ်စာသင်ဆောင်၌ သူနာပြု၊ သားဖွားနှင့် ပညာရေးဒီဂရီကောလိပ် (မြစ်ကြီးနား)တို့မှ သင်တန်းသား သင်တန်းသူများအား ဆန်ရိက္ခာ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သူနာပြု၊ သားဖွားဒီပလိုမာ သင်တန်းသား သင်တန်းသူများနှင့် ပညာရေးဒီဂရီကောလိပ် သင်တန်းသား သင်တန်းသူများအတွက် ဆန်အိတ် ၁၀၀ စီ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် 



နေပြည်တော်သို့ သွားရောက်ပါဝင်ကပြဖျော်ဖြေကြမည့် ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ဝတ်စုံပြည့် လေ့ကျင့်ကပြမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရိုးရာအကသည် ခေါင်း၊ ခါး၊ ခြေ၊ လက် အလုံးစုံပါဝင်ပြီး အားမာန်အပြည့်ဖြင့် ကပြဖျော်ဖြေနိုင်ရန် အရေးကြီးသည့်အပြင် မိမိတို့၏အပြုံးသည် ကြည့်ရှုသူ စိတ်နှလုံးချမ်းမြေ့ရန်လည်း လိုအပ်ကြောင်း၊ မိမိတို့ ပြည်နယ်အနေဖြင့် ပြည်ထောင်စု၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည့် ကကြိုးကဟန်ဖြင့် ပါဝင်ကြရမည်ကို ဝမ်းမြောက်ဂုဏ်ယူရမည်ဖြစ်ကြောင်း အားပေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အကအဖွဲ့အတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ ညနေပိုင်းက မြစ်ကြီးနားမြို့နယ် စုပေါင်းရုံးအတွင်းရှိ မနောရွှေပြည်ခန်းမ၌ ပြည်နယ်အတွင်းရှိခရိုင်/မြို့နယ်/မြို့ရုံးများမှ နယ်မြေအခြေအနေအရ ပြည်နယ်ရုံးများတွင် လာရောက် တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာ ဝန်ထမ်းများအား ဆန်ရိက္ခာနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်

တာလေ ဖေဖော်ဝါရီ ၁

(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့နယ် ပါလိုင်ကျေးရွာ၌ သုတရောင်ခြည် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။



ဦးစွာ တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ တာလေမြို့အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်နှင့် တာဝန်ရှိသူများက စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တာလေမြို့အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ၊ ဗဟုသုတ စသည့် စာအုပ်စာစောင်များကို တာလေမြို့အုပ်ချုပ်ရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးဇော်နှင့် တာဝန်ရှိသူတို့က ပေးအပ်လှူဒါန်းရာ အခြေခံပညာအလယ်တန်းကျောင်း (ပါလိုင်) ကျောင်းအုပ်ဆရာကြီး ဦးသက်နိုင်ထွန်း၊ ကျေးရွာစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးစိုင်းရီတစ်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်ကို နိုင်ငံတော် မတည်ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က တည်ဆောက်ခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)



## စစ်ကိုင်းမြို့၌ အခြေခံစာကြည့်တိုက် ပညာသင်တန်း ဖွင့်လှစ်

စစ်ကိုင်း ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းကို ဇန်နဝါရီ ၃၀ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်ပို့ချသည်။

သင်တန်းတွင် စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးယဉ်မင်းအောင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး၊ ရည်ညွှန်းလုပ်ငန်း၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရေးဘာသာရပ်များကို လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ထက်ထက်လင်းက မျိုးတူစုလုပ်ငန်းဘာသာရပ်နှင့် စာအုပ်များစနစ်တကျ မှတ်သားမှုစနစ်များကို လည်းကောင်း ဆွေးနွေးပို့ချပေးခဲ့ကြပြီး ကျောင်းစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းတွင် စစ်ကိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၆ ကျောင်းမှ စာကြည့်တိုက်တာဝန်ခံ ဆရာ ဆရာမ ၃၀ တက်ရောက်ခဲ့ကြပြီး အခြေခံစာကြည့်တိုက်ပညာ ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

## သံဖြူဇရပ်မြို့နယ်အတွင်း စာသင်ဝိုင်းများသင်ကြားနေမှု မြို့နယ်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု

သံဖြူဇရပ် ဖေဖော်ဝါရီ ၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင်မြို့နယ်အတွင်း စဉ်ဆက်မပြတ် ပညာရေးသင်ကြားနေသည့် စာသင်ဝိုင်းများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် စုရပ်အသီးသီးသို့ သွားရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များ မှာကြားဆောင်ရွက်ကြသည်။

အဆိုပါ စဉ်ဆက်မပြတ်ပညာရေးကို သံဖြူဇရပ်မြို့နယ်အတွင်းရှိ အခြေခံပညာတတ်မြောက်မှုနည်းပါးသည့်ပြည်သူများအား ရပ်ကွက်/ကျေးရွာအုပ်စု ၁၁ အုပ်စုတွင် စာသင်ဝိုင်း ၃၂ ဝိုင်းမှ လူဦးရေ ၃၂၀ အား ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ အခြေခံပညာကျောင်းများမှ



ဆရာ ဆရာမများက နေ့စဉ် တစ်ရက် သုံးနာရီကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရမည်းသင်းမြို့နယ် မြို့လှကျေးရွာ၌ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှကျေးရွာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းသူ ကျောင်းသားများက စုံညီပွဲတော်သီချင်းဖြင့် သီဆိုပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးဝင်း၊ မြို့လှကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးယဉ်အောင်တို့က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ကျောင်းတွင်းအားကစား၊ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိသောကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ မြို့လှကျေးရွာ အထက(၆)မှ ဆရာတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ ရခိုင်ပြည်နယ်က စုစုပေါင်းအမယ် ၈၂ မျိုး ပါဝင်ပြသသွားမှာဖြစ်ပါတယ်

**ဦးတင်လှ(တိုင်းရင်းသားရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့)**

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမင်း**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

**အဆိုပါပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းသုံးထုတ်ကုန်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်–



ဦးမောင်ကြီး



ဦးတင်လှ



ဦးမျိုးလွင်

**ဦးမောင်ကြီး (စီးပွားရေးရာဝန်ကြီး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့)**

ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ ပြခန်းပြင်ဆင်ရေး လုပ်ငန်းတွေကို ဖေဖော်ဝါရီ ၅ ရက်မှာ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြခန်းအပြင်ဘက်မှာ ကျွန်တော်တို့ တိုင်းဒေသကြီးမှာရှိတဲ့ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့တွေရဲ့ မြို့ပြမှတ်တမ်းဓာတ်ပုံတွေ၊ မြိတ်ကျွန်းစုအလှတွေ၊ ထားဝယ်ရိုးရာ ရေအိုးရွက်အက ဓာတ်ပုံတွေကို ပြသသွားမှာဖြစ်ပါတယ်။ ပြခန်းအတွင်းထဲမှာ ပြည်ပပို့ကုန်နဲ့၊ OROP ထုတ်ကုန်တွေ၊ တနင်္သာရီတိုင်းဒေသကြီးက ထွက်ရှိတဲ့ ပုလဲအမျိုးမျိုး၊ ဒေသတွင်းကုန်ကြမ်းသုံး တန်ဖိုးမြှင့်ထုတ်ကုန်တွေ၊ စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ပါဝင်မှာဖြစ်ပါတယ်။ လုပ်ငန်းရှင် ၁၀ ဦးရဲ့ ထုတ်ကုန်ပစ္စည်း ၆၆ မျိုးကို ခင်းကျင်းပြသရောင်းချသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ အခုပြပွဲပြိုင်ပွဲမှာ ပြည်ပပို့ကုန်နဲ့ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)လုပ်ငန်းတွေကို အလေးထားပြသ ရောင်းချနိုင်ဖို့ စီစဉ် ဆောင်ရွက်ထားရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီး MSME လုပ်ငန်းတွေအနေနဲ့ အခုလို ပြပွဲ၊ ပြိုင်ပွဲတွေကို ဝင်ရောက်ပြသ ယှဉ်ပြိုင်တဲ့အတွက် တိုင်းဒေသကြီးအတွင်းက MSME လုပ်ငန်းရှင်တွေဟာ ဈေးကွက်ချိတ်ဆက်မှု၊ ဒေသတစ်ခုနဲ့တစ်ခု အပြန်အလှန် ကူးသန်းရောင်းဝယ်နိုင်မှု၊ နည်းပညာနဲ့ သတင်းအချက်အလက်တွေ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်မှာဖြစ်ပါတယ်။

**ဦးတင်လှ (တိုင်းရင်းသားရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့)**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ ရခိုင်ပြည်နယ်က ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်အမယ် ၅၆ မျိုး၊ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန် အမယ်သုံးမျိုး၊ စိုက်ပျိုးမွေးမြူရေးအခြေခံ ထုတ်ကုန် အမယ်တစ်မျိုး၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP) အမယ် ၃၂ မျိုး စုစုပေါင်းအမယ် ၈၂ မျိုး ပါဝင်ပြသသွားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ကိုယ်စားပြု MSME ထုတ်ကုန်ပြခန်းမှာ ဒေသထွက်ထုတ်ကုန်ပစ္စည်းတွေ ပါဝင်ပြသနိုင်ဖို့အတွက် လုပ်ငန်းရှင်တွေကို တွေ့ဆုံပြီး ထုတ်ကုန်ပြပွဲ ပါဝင်ပြသခြင်းအားဖြင့် ရရှိမယ့် အကျိုးကျေးဇူးတွေကို ရှင်းလင်းပြောကြားတာ၊ ပြခန်း ပြင်ဆင်ရေးအတွက် ပြည်နယ် MSME Agency အတွင်းရေးမှူးကို ကြိုတင်စေလွှတ်ပြီး ကြီးကြပ်ဆောင်ရွက်စေတာ၊ ရိုးရာစားသောက်ခန်းမှာ ရခိုင်ရိုးရာ မုန့်တီရောင်းချနိုင်ဖို့အတွက် သန့်ရှင်းသပ်ရပ်ပြီး အရသာကောင်းမွန်တဲ့ ရခိုင်မုန့်တီ ရောင်းချသူတွေကို ချိတ်ဆက်ပြီး ဈေးနှုန်းသင့်တင့်စွာ ရောင်းချနိုင်ဖို့ ညှိနှိုင်းတာတွေ ဆောင်ရွက်ခဲ့ပါတယ်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြိုင်ပွဲမှာ ရခိုင်ပြည်နယ်ကိုယ်စားပြု လုပ်ငန်းရှင်နှစ်ဦး ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အငယ်စားစီးပွားရေးလုပ်ငန်း ပြိုင်ပွဲမှာ “ဟိန်းရွှေရောင်” ခနိဖူး လက်ဖက်ခြောက်လုပ်ငန်း၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) ပြိုင်ပွဲမှာ ရခိုင်ရိုးရာရက်ကန်းလုပ်ငန်းဖြစ်တဲ့ “ရွှေကျား” ရက်ကန်းလုပ်ငန်းက ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ဒီလိုပြပွဲပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်တွေက လုပ်ငန်းရှင်တွေ တွေ့ဆုံပြီး ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်နိုင်လာမှာ ဖြစ်ပါတယ်။ MSMEလုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေခြင်းဖြင့် ဒေသရဲ့လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်လာမယ်။ ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းဈေးကွက်မှာသာမက ပြည်ပဈေးကွက်တွေကိုပါ ပိုမိုချဲ့ထွင်ဆောင်ရွက်နိုင်တာနဲ့ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မယ်။ ပြည်တွင်းကုန်ကြမ်းတွေကိုအသုံးပြုပြီး ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်ပစ္စည်းတွေ ပိုမိုထုတ်လုပ်လာနိုင်ခြင်းကြောင့် နိုင်ငံခြားသုံးငွေ လျှော့ချလာနိုင်မယ်။ ထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲတွေက တစ်ဆင့် နည်းပညာတွေ ဖြန့်ဝေပေးနိုင်ခြင်းကြောင့် နိုင်ငံရဲ့ကုန်ထုတ်စွမ်းအား တိုးတက်လာပြီး လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေမှာဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေနိုင်မှာ ဖြစ်ပါတယ်။

**ဦးမျိုးလွင်(ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)**

MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ ခေါင်းစဉ်ငါးမျိုးနဲ့ ပါဝင်ပြသသွားမှာဖြစ်ပါတယ်။ ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန်တွေအနေနဲ့ လုပ်ငန်းရှင် ၁၃ ဦးက ခင်းကျင်းပြသမှာဖြစ်ပြီး သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်တွေအနေနဲ့ လုပ်ငန်းရှင်လေးဦးက လာရောက်ပြသမှာဖြစ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်တွေအနေနဲ့ လုပ်ငန်းရှင်လေးဦး၊ ပြည်ပပို့ကုန်အနေနဲ့ လုပ်ငန်းရှင်တစ်ဦး၊ One Region One Product ဒေသတစ်ခုထုတ်ကုန်တစ်ခုအနေနဲ့ လုပ်ငန်းရှင် ၁၀ ဦးက လာရောက်ပြသကြမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် အသေးစားလုပ်ငန်းရှင် သုံးဦး၊ အငယ်စားလုပ်ငန်းရှင် သုံးဦး၊ အလတ်စားလုပ်ငန်းရှင် သုံးဦးတို့က ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန်တွေအနေနဲ့ ဝိုင်၊ စားသောက်ကုန်လုပ်ငန်း၊ ဝါးလက်မှုလုပ်ငန်း၊ ဒေသထွက်ကုန်တွေဖြစ်တဲ့ လက်ဖက်၊ ထောပတ်၊ ကော်ဖီ၊ တိုင်းရင်းဆေး၊ ရိုးရာအဝတ်အထည်လုပ်ငန်း၊ လူသုံးကုန်ပစ္စည်း စုစုပေါင်းထုတ်ကုန်အမျိုးအစား ၁၆၀၀၀ ကျော်ကို လုပ်ငန်းရှင် ၇၅ ဦးတို့က လာရောက်ပြသရောင်းချမှာဖြစ်ပါတယ်။

ထူးခြားမှုအနေနဲ့ ဝါးကိုအခြေခံတဲ့ အဆောက်အအုံ၊ ပရိဘောဂ၊ လက်မှုပစ္စည်းတွေကို ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ ဒေသထွက်အစားအစာတွေဖြစ်တဲ့ ဝက်သားချဉ်၊ ကြက်သားချဉ်၊ ရှမ်းခေါက်ဆွဲ၊ ကောက်ညှင်းကျည်တောက်၊ ဒေသထွက်ကော်ဖီ၊ ပင်မှည့်ဖျော်ရည်၊ ခေါ်ပုတ်ကြော်၊ ခနုထမင်းဟင်း၊ တိုဟူးနွေးအပါအဝင် ဒေသထွက် ရိုးရာအစားအစာတွေကို ပြသရောင်းချသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် MSME ပြခန်းတည်ဆောက်ရေးက ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။ ရှမ်းပြည်နယ် Logo၊ ပြည်နယ်အထိမ်းအမှတ် သင်္ကေတ အိုးစည်၊ ဝါးလက်မှုလုပ်ငန်း၊ လုပ်ငန်းရှင်တွေရဲ့ ထုတ်ကုန်ကြော်ငြာတွေနဲ့ ပြခန်းကို အလှဆင်ဆောင်ရွက်မှာဖြစ်ပါတယ်။

MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲက လုပ်ငန်းရှင်တွေအတွက် ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးလာရင် အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်မယ့်အပြင် ဒေသထွက်ကုန်ကြမ်းတွေကို ကုန်ချောအဖြစ်ဆောင်ရွက်နိုင်ခြင်းကြောင့် လုပ်ငန်းရှင်တွေအတွက် ဝင်ငွေတိုးတက်ရရှိလာပြီး ဒေသဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် ထုတ်ကုန်တွေကို အခြားဒေသက လုပ်ငန်းရှင်တွေ သိရှိနိုင်စေဖို့နဲ့ လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်စေဖို့ ကျင်းပပေးတာဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးလည်း ရှမ်းပြည်နယ်ထုတ်ကုန်တွေကို သိရှိနိုင်စေဖို့ ဆောင်ရွက်တာလည်းဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအဆင့် MSME ပြပွဲကို လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်လိုပါတယ်။ ။




ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**ထားဝယ် ဖေဖော်ဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဝင်းအတွင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုအခြေအနေများ၊ ကျောင်းသား ကျောင်းသူများ ကစားလျက်ရှိသည့် ဘောလုံးကွင်းအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်မြို့တော်ခန်းမအဆောက်အအုံ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အဆောက်အအုံသစ် ဆောက်လုပ်နေမှုအခြေအနေများ၊ ထားဝယ်မြို့တော်ခန်းမ လမ်းခင်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကားပါကင်တည်ဆောက်ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ မြေကာနံရံတည်ဆောက်နေမှု၊ အဝင်လမ်းအား Box Culvert နှစ်စင်း တည်ဆောက်ခြင်း၊ အုတ်စီရေမြောင်းနှင့် ရေမြောင်းဖုံးပြုလုပ်နေမှု၊ လျှပ်စစ်လုပ်ငန်း၊ ရေသန့်လုပ်ငန်းများ၊ အဆောက်အအုံပြင်ပ ဆက်စပ်လုပ်ငန်းများနှင့် လုပ်ငန်းစီမံချက်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး အဆောက်အအုံအတွင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း တည်ဆောက်နေသည့် Hall ခန်းမအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမြောကင်းလမ်း၊ နိဗ္ဗာန်လမ်းဆုံမှ ပုံကျွန်းလမ်းဆုံကြား လမ်းဘေး ဝဲ/ယာ ရေမြောင်းပါ ပလက်ဖောင်းပြုလုပ်နေမှု၊ ကမြောကင်းလမ်း၊ ပုံကျွန်းလမ်းဆုံမှ အောင်ဇေယျလမ်းဆုံအထိ လမ်းဘေးဝဲ/ယာ ရေမြောင်းပါ ပလက်ဖောင်းပြုလုပ်နေမှု၊ ကမြောကင်းလမ်း၊ အောင်ဇေယျလမ်းဆုံမှ ဆန်းချိုလမ်းဆုံအထိ လမ်းဘေးဝဲ/ယာ ရေမြောင်းပါ ပလက်ဖောင်းပြုလုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ်စနေနေ့တိုင်း မြို့/ရွာ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**ပဲခူး ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ်စနေနေ့တိုင်း မြို့/ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းအား ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်သည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ အခြေခံပညာအထက်တန်းကျောင်း (စာကလေးကွင်း)၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ အများနှင့်သက်ဆိုင်သော ပန်းခြံများနှင့် သောက်သုံးရေကန်များတွင် တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပေါင်းစုအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်းနှင့် သန့်ရှင်းရေးပြုလုပ်ကြသူများအား ပြည်သူများက ကောက်ညှင်းပေါင်း၊ အကြော်၊ လက်ဖက်ရည်များဖြင့် ပြန်လည်ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့မှ စာသင်ကျောင်းများ၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းပျဉ်းမြို့၌ အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိုင်းပျဉ်း ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ပြည်သူအကျိုးပြု အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီက အထကကျောင်း၌ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာအထက်တန်းကျောင်းအတွင်း ပေါင်းမြက်ချုံနွယ်များ၊ ပလတ်စတစ်အမှိုက်များ၊ ကျောင်းဆောင်အဟောင်းဖျက် သစ်သား/ပျဉ်တိုပျဉ်စများ၊ ရေမြောင်းအတွင်းရှိ အမှိုက်များ ရှင်းလင်းခြင်းနှင့် ဆွေးမြည့်သစ်ပင်များ ခုတ်ထွင်ဖယ်ရှားခြင်းတို့ကို မိုင်းပျဉ်းတပ်နယ်မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များက အင်တိုက်အားတိုက်စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**



# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် နေကြာစိုက်ခင်းများ ကြည့်ရှုအားပေး



ပုသိမ် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာများ သန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းဘေးဝဲ/ယာများတွင် အိမ်၊ လမ်း၊ ရွာ၊ ကျောင်းသန့်ရှင်း သာယာလှပရေးအတွက် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ လေးကျွန်းရန်အောင်ဖောင်တော်ဦးစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဌာနဆိုင်ရာများနှင့် ပြည်သူများစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြောင်းမြမြို့ အမှတ်(၅)ရပ်ကွက်ရှိ စကြာသီဟ စကြာနန္ဒစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်၍စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ထံသို့ အလှူငွေများပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြောင်းမြမြို့နယ် ကံကြီးကျေးရွာရှိ တောင်သူ ဦးမိုးဝင်း၏ စိုက်ကေါ်းကေတွင် စိုက်ပျိုးထားသည့် Super Sun–41 နေကြာစိုက်ခင်း၊ အိမ်မဲမြို့နယ် ဝဲကြီးဝကျေးရွာ တောင်သူ ဦးကျော်ကျော်ဦး၏ စိုက်ကေနှစ်ကေတွင် စိုက်ပျိုးထားသည့် Super Sun–41 နေကြာစိုက်ခင်း၊ ဝါးခယ်မမြို့နယ် ရေလိန်ကျေးရွာရှိ တောင်သူ ဦးဝင်းမောင်နှင့် ဦးမျိုးသန့်တို့၏ မြေပဲစိုက်ကေ ၁၀ ကေစိုက်ခင်းနှင့် ကြာဖြူကျေးရွာရှိ တောင်သူ ဦးဝင်းဗိုလ်၏ စိုက်ကေတွင် ဆီထွက်သီးနှံ(Super Sun– 41)နေကြာ ကိုးဧက၊ ဆင်းရွှေကြာ–၂ တစ်ဧက စိုက်ခင်းအောင်မြင်ဖြစ် ထွန်းနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် တောင်သူများနှင့်တွေ့ဆုံ၍ ယခင်နှစ်စိုက်ပျိုးမှု၊ အပင်ဖြစ်ထွန်းမှု၊ အပွင့်အောင်မြင်မှု၊ ဆီကြိတ်ခွဲရရှိမှုအခြေအနေများနှင့် ယခုနှစ်စိုက်ခင်းများ၏ ဖြစ်ထွန်းအောင်မြင်မှုအခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး ပိုမိုဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားအန္တရာယ်မကျရောက်စေရေး၊ ဝတ်မှုန်ကူးခြင်းများအတွက် ပျားပုံးများထားရှိမှု၊ ရေ၊ မြေဩဇာအချိန်ကိုက်ထည့်သွင်းအသုံးပြုနိုင်ရေးတို့ကို မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(အလုံ) ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေး



မုံရွာ ဖေဖော်ဝါရီ ၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ကျန်းမာသန့်စွမ်းစွာ ပညာသင်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အလုံရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (အလုံ)ကျောင်းဝင်း အတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ၊ ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တန်ဖိုးသင့်စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် စားသုံးဆီများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများအား ကြည့်ရှုအားပေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၁၀ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၁၂၀၀ ကျော်ဖြင့် အခြေခံပညာကျောင်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအား စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အထက-တနင်္သာရီမှ ကျောင်းသား ကျောင်းသူများအား သစ်တောနှင့် ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာအသိပညာပေး ဟောပြော

တနင်္သာရီ ဖေဖော်ဝါရီ ၁

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်သစ်တောဦးစီးဌာနက အထက–တနင်္သာရီမှ ကျောင်းသား ကျောင်းသူများအား သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အထက–တနင်္သာရီ ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးကျော်မြင့်ထွန်းနှင့်ဝန်ထမ်းများက ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများအား သစ်တောဦးစီးဌာနမှထုတ်ဝေသည့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝဝန်းကျင်တိုးတက်ကောင်းမွန်လာစေရေးအတွက် အထောက်အကူပြုစေမည့် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ဆက်လက်၍တောအုပ်ကြီး ဦးကျော်မြင့်ထွန်းက မြန်မာနိုင်ငံတွင် တွေ့ရှိရသော သစ်တောအမျိုးအစားများ၊ သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော သစ်တောသစ်ပင် ပြုစုထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ ရေချို၏ အရေးပါပုံနှင့် ရေချိုကိုချွေတာသုံးစွဲရန်လိုအပ်ပုံ၊ ရေသယံဇာတများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသများထိန်းသိမ်းရေးနည်းလမ်းများ၊ မီးခိုးမြူငွေ့အဓိပ္ပာယ်နှင့်မီးခိုးဖြစ်ပေါ်လာပုံ၊ မီးခိုးမြူငွေ့အမျိုးအစားများနှင့် ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ စသည့်အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။

ထို့နောက်ဟောပြောမှုများနှင့်ပတ်သက်၍ တောအုပ်ကြီးက ပြန်လည်ဆန်းစစ်မေးမြန်းပြီး ကျောင်းသား ကျောင်းသူများက ထပ်မံသိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)**




# ရွှေတောင်မြို့နယ်၌ သန့်ရှင်းသာယာလှပရေးအတွက် ရှစ်မျက်နှာဘုရားဝင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရွှေတောင် ဖေဖော်ဝါရီ ၁

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်



ရှစ်မျက်နှာဘုရားဝင်းအတွင်းတွင် ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များဦးဆောင်၍ နယ်မြေလုံခြုံရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အဖွဲ့ဝင်များစုစုပေါင်းအင်အား ၁၇၀ ပါဝင်ဆောင်ရွက်ခဲ့ပြီး ပေါင်းမြက်များ၊ ချုံနွယ်များနှင့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းကြကာ ထွက်ရှိလာသော အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်သုံးစီးဖြင့် စနစ်တကျစွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုမင်း ( ပြန် / ဆက်)**

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ**
**ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

# ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)တို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ အား ဇန်နဝါရီ ၁၅ ရက်မှ ၃၀ ရက်အထိ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက် ပေးခဲ့သည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင် သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ် ဖောတံတားသို့ ပြန်လည်ရောက်ရှိလာရာ ရေတပ် လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူးနှင့်အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့များပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူစုစုပေါင်း ၆၈၃၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးနိုင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှု ဆိုင်ရာရောဂါ ၂၀၀၂ ဦး၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ ၂၉၄ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၂၇ ဦး၊ ကလေးရောဂါ ၄၇၈ ဦး၊ အရိုးရောဂါ ၁၁၉၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၆၅၄ ဦး၊ မျက်စိရောဂါ ၁၂၇၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၀၄ ဦးတို့ကို လိုအပ် သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့ အနက် အထွေထွေခွဲစိတ်လူနာ ၁၀၅ ဦး၊ မျက်စိ ခွဲစိတ်လူနာ ၄၂ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၄၉ ဦး၊ အာထရာ ဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၇၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၀၄ ဦးနှင့် ဓာတ်ခွဲ စမ်းသပ်လူနာ ၈၁၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ် ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် သုံးဦးတို့ အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကာ ဆေးရုံ တက်ရောက်ကုသရန်လိုအပ်သော ဒေသခံပြည်သူ ၆၀ တို့ကိုလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ သည်။



တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် ပြန်လည် ရောက်ရှိလာသည့် တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ဂုဏ်ပြုပေးအပ် ချီးမြှင့်သောလက်ဆောင်ပစ္စည်းများကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူးက ပေးအပ်ချီးမြှင့်ခဲ့ပြီး စားသောက် ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့များ ပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် ၂၀၁၃ ခုနှစ် မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန် ခက်ခဲ သော ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးခဲ့ရာ ယခုခရီးစဉ်သည် ၁၉ ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၈၅၅၆၈ ဦးတို့ကို ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ ကြောင်းနှင့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၃၁ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

တနင်္သာရီ ကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူ များ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ နယ် အနီးပတ်ဝန်းကျင်ကျေးရွာ များမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု များပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံ ရေယာဉ် (သံလွင်)သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီး ကိုကိုးကျွန်းမြို့နယ် ကိုကိုးကျွန်းမြို့ မြို့နယ်ပြည်သူ့ ဆေးရုံ၌အခြေပြု၍ ကိုကိုးကျွန်း မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာ များမှ ဒေသခံပြည်သူ ၆၆ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင် ရွက်ပေးသည်။








ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၆ ဦး၊ ခွဲစိတ်ရောဂါ တစ်ဦး၊ သားဖွား/ မီးယပ်ရောဂါသုံးဦး၊ ကလေးရောဂါ တစ်ဦး၊ အရိုးရောဂါ တစ်ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ တစ်ဦး၊ မျက်စိရောဂါ ၁၃ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၂၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့ အနက် ဓာတ်မှန်ရိုက်လူနာ ငါးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ် စစ်ဆေးလူနာ ခြောက်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ငါးဦး နှင့် ဓာတ်ခွဲစမ်းသပ်လူနာ ငါးဦးတို့ ကို ရောဂါရှာဖွေစမ်းသပ်ကုသ ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့် လူနာတစ်ဦးအား နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေ မှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ကြားသိ ခဲ့ရပါသည်-

**အမျိုးသမီးကြီး**

မျက်စိ တိမ်လာခဲ့တာပါ။ ကြည့်လိုကောင်းသွားပြီ။ ဆရာ ဝန်တွေက ကောင်းပါတယ်။ အကုန်လုံး ကုသပေးပါတယ်။ တစ်ခါပြဖူးပါတယ်။ ညာဘက် မျက်လုံးပါ။ အခုက ဘယ်ဘက် မျက်လုံးပါ။ ပိုပြီးအဆင်ပြေသွား တော့ ဝမ်းသာပါတယ်။ အလင်း ရောင်ရသွားတဲ့ အတွက်လည်း ဝမ်းသာပါတယ်။ နယ်လှည့် ဆေးကုသရေးအဖွဲ့က အခုလို သင်္ဘောကြီးနဲ့ လာရောက်ကုသ ပေးတဲ့အတွက်၊ ဒီကျွန်းမှာ ရှိတဲ့ လူတွေ ကျန်းမာအောင်လို့ ကုသ ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသမီးငယ်**

လက်ကဖြစ်နေတာပါ။ လက်မ တစ်ချောင်း အဆင်မပြေလို့ပါ။ အရိုးအကြောကို ပြတဲ့အချိန်မှာ လက်က လှုပ်လို့မရဘူး။ လှုပ်လို့ မရတဲ့အတွက် ခွဲစိတ်ပေးပါ တယ်။ ဆရာဝန်ကြီးတွေက တစ်ဆင့်စီကို သေချာလုပ်ပေးပါ တယ်။ ခွဲစိတ်ပြီးတော့ ကုသပေးပါ တယ်။ ကျေးဇူးလည်း အထူးတင် ပါတယ်။ ဒီမှာ လမ်းပန်းဆက်သွယ် ရေးက ခက်ခဲတယ်။ ဆေးဝါးက မပြည့်စုံဘူး။ မပြည့်စုံတဲ့အတွက် ဒီလို နယ်လှည့်ဆေးအဖွဲ့က လာကုတဲ့အခါကျတော့ အင်မတန် အားရှိပါတယ်။ အကုန် လုံးလည်း မျော်နေကြပါတယ်။ နှစ်တိုင်း လည်း လာနိုင်အောင်လို့ ဆုတောင်း ပေးပါတယ်။

**သတင်းစဉ်**



# ဝေါမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်နှင့် တစ်နှစ်ခွဲအောက်ကလေးများ ကာကွယ်ဆေးထိုးနှံ

**ဝေါ ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးစမှ အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအတွက် ပုံမှန်ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အရှေ့ဘက်ကမ်းရပ်ကွက် ဆွမ်းလောင်းဓမ္မာရုံ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် သားဖွားဆရာမ ဒေါ်ချိုမွန်သော်နှင့် ဝန်ထမ်း များက ကာကွယ်ဆေး မထိုးရသေးသော ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ တစ်နှစ်ခွဲအောက်ကလေးငယ်များ နီးစပ်ရာ ကျေးရွာအုပ်စု ကျန်းမာရေးဌာနခွဲများတွင် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်အသည်းရောင် အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုး စပ်ကာကွယ်ဆေး) နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမေရိကန်-ဂျပန် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး ဖေဖော်ဝါရီ ၇ ရက်တွင် ကျင်းပဖွယ်ရှိ

**တိုကျို ဖေဖော်ဝါရီ ၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာတို့သည် ဝါရှင်တန်မြို့တော်၌ ဖေဖော်ဝါရီ ၇ ရက်တွင် ၎င်းတို့၏ ပထမဆုံး ထိပ်သီးဆွေးနွေးပွဲကို ကျင်းပဖွယ်ရှိကြောင်း သိရသည်။

အမေရိကန်နှင့် ဂျပန် နှစ်နိုင်ငံ အမျိုးသားအကျိုးစီးပွားကို အကောင်းဆုံးဆောင်ရွက်ပေးမည့် အဆင့်သစ်သို့ မြှင့်တင်လိုကြောင်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာက ဇန်နဝါရီ ၃၁ ရက်တွင်ပြုလုပ်သည့် အောက်လွှတ်တော်အစည်းအဝေး၌ ပြောကြားသည်။

ထို့ပြင် အင်ဒို-ပစိဖိတ်ဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း သမ္မတထရမ့်နှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အီရှီဘာက ဆိုသည်။

ဝန်ကြီးချုပ် အီရှီဘာသည် သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဆက်ဆံရေးခိုင်မာစေရန်နှင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရန် ရည်ရွယ်ပုံရကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ပြောသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**




## အမေရိကန်နိုင်ငံ၌ လေယာဉ်ငယ်တစ်စီး ပျက်ကျ၊ ခြောက်ဦး သေဆုံး

**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

အမေရိကန်ပြည်ထောင်စု အရှေ့ပိုင်း ပင်ဆယ်ဗေးနီးယားပြည်နယ် ဖီလာဒဲလ်ဖီးယားမြို့၌ လေယာဉ်ငယ်တစ်စီး ပျက်ကျခဲ့ရာ လိုက်ပါစီးနင်းသူ ခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ Learjet 55 လေယာဉ်သည် ဇန်နဝါရီ ၃၁ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲခန့်တွင် ဖီလာဒဲလ်ဖီးယားလေဆိပ်မှ စတင်ထွက်ခွာပြီး မကြာမီအချိန်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်လေကြောင်း ကွပ်ကဲမှုဌာနက ပြောသည်။ အဆိုပါ လေယာဉ်သည် ဆေးဘက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးလေယာဉ်ဖြစ်သည်။

လေယာဉ်ပေါ်တွင် လေယာဉ်အမှုထမ်းလေးဦးအပြင် ကလေးလူနာတစ်ဦးနှင့် လူနာရှင်တစ်ဦး လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားသည့်နေရာတွင် မီးလောင်နေသည့် လေယာဉ်အပျက်အစီးအပိုင်းအစများ အနီးနားရှိ လမ်းမပေါ်၌ ပြန့်ကျဲလျက်ရှိသည်ကို မှတ်တမ်းတင်ဗီဒီယိုဖိုင်တွင် တွေ့ရှိနိုင်သည်။

အဆိုပါလေယာဉ်သည် မြေပြင်ရှိအဆောက်အအုံတစ်ခုကို တိုက်မိပြီး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**




## ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယူဂန်ဒါနိုင်ငံ၌ အီဘိုလာရောဂါတိုက်ဖျက်ရန် အရေးပေါ်ဆေးဘက်ဆိုင်ရာအဖွဲ့တစ်ဖွဲ့ စေလွှတ်

**ကမ်ပါလာ ဖေဖော်ဝါရီ ၁**

ယူဂန်ဒါနိုင်ငံမြို့တော် ကမ်ပါလာ၌ အီဘိုလာရောဂါကူးစက်မှုကြောင့် ကျန်းမာရေးဝန်ထမ်းတစ်ဦး သေဆုံးပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အီဘိုလာရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးရန် အရေးပေါ်ဆေးဘက်ဆိုင်ရာ အဖွဲ့တစ်ဖွဲ့ကို ယူဂန်ဒါနိုင်ငံသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးဘက်ဆိုင်ရာဝန်ထမ်းများသည် ယူဂန်ဒါကျန်းမာရေးဝန်ကြီးဌာနကို နည်းပညာနှင့် ကျန်းမာရေးဆိုင်ရာကူညီမှုများပေးမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ကမ်ပါလာမြို့တော်ရှိ Mulago National Referral ဆေးရုံတွင် အလုပ်လုပ်နေသော အသက် ၃၂ နှစ်အရွယ် အမျိုးသားသူနာပြုတစ်ဦးသည် ဆူဒန်အီဘိုလာဗိုင်းရပ်စ် ကူးစက်ခံရပြီးနောက် ဇန်နဝါရီ ၂၉ ရက်တွင် သေဆုံးခဲ့ကြောင်း သိရသည်။ ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံအတွင်း အီဘိုလာရောဂါဖြစ်ပွားမှုကြောင့် ရှစ်ယောက်မြောက် သေဆုံးမှုအဖြစ် ကြေညာခဲ့သည်။

ရောဂါဖြစ်ပွားမှုကိုတုံ့ပြန်ရန်အတွက် စောင့်ကြည့်မှုနှင့် စီမံခန့်ခွဲမှုစနစ်များ ပြန်လည်အသက်ဝင်လာစေရန် ယူဂန်ဒါ ကျန်းမာရေးအာဏာပိုင်များနှင့် အနီးကပ်လုပ်ဆောင်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

သေဆုံးခဲ့သူ၏ မိသားစုဝင်များအပါအဝင် ၎င်းနှင့် အနီးကပ်ထိတွေ့ဆက်ဆံခဲ့သူ ၄၅ ဦးကို သီးခြားခွဲထားပြီး အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်းနှင့် ကာကွယ်ဆေး ချက်ချင်းထိုးနှံပေးမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒိုင်ယာနာအာ့ဝိုင်က ပြောကြားသည်။

အီဘိုလာဗိုင်းရပ်စ်သည် ကူးစက်လွယ်ပြီး ဖျားနာခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ကိုယ်လက်များနာကျင်ခြင်းနှင့် ရောဂါပြင်းထန်ပါက အရေပြားများမှ သွေးထွက်ခြင်းတို့ ဖြစ်ပွားသည်။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ အဆိုအရ အီဘိုလာရောဂါကူးစက်ခံရသူများတွင် ဗိုင်းရပ်စ်အမျိုးအစားပေါ်မူတည်၍ သေဆုံးမှုနှုန်းမှာ ၅၀ ရာခိုင်နှုန်းမှ ၈၉ ရာခိုင်နှုန်းအထိရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

## ဟားမတ်စ်အဖွဲ့က အစ္စရေးဓားစာခံသုံးဦး ထပ်မံလွှတ်ပေး ပြန်လည်လွတ်မြောက်လာသည့် အစ္စရေးဓားစာခံ ၁၃ ဦးရှိပြီဖြစ်

**ဂါဇာစီးတီး ဖေဖော်ဝါရီ ၁**

ဟားမတ်စ်အဖွဲ့သည် အစ္စရေးဓားစာခံသုံးဦးကို ယနေ့ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အကျဉ်းသားလဲလှယ်ရေးနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ စတုတ္ထအသုတ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အစ္စရေးဓားစာခံသုံးဦးကို နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ထံ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ပြန်လည်လွှတ်ပေးခဲ့သည့် သုံးဦးအနက် အသက် ၆၅ နှစ်ရှိ အစ္စရေး-အမေရိကန် အမျိုးသား Keith Siegel သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခအတွင်း ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရသော အရပ်သားများထဲတွင် ပါဝင်သည်။

ကျန်နှစ်ဦးသည် အသက် ၅၄ နှစ်အရွယ်ရှိ အစ္စရေး-ပြင်သစ်နိုင်ငံသား Ofer Calderon ဖြစ်ပြီး အသက် ၃၅ နှစ်အရွယ် အစ္စရေးအရပ်သား Yarden Bibas တို့ဖြစ်သည်။

အစ္စရေးသည် လုံခြုံရေးဆိုင်ရာ စွဲချက်အမျိုးမျိုးဖြင့် ထိန်းသိမ်းခံထားရသော အမျိုးသမီးများ၊ အရွယ်မရောက်သေးသူများနှင့် နိုင်ငံရေးအကျဉ်းသားများအပါအဝင် ပါလက်စတိုင်းအကျဉ်းသား ၁၈၃ ဦးကို ထပ်မံလွှတ်ပေးမည်ဖြစ်ကြောင်း ပါလက်စတိုင်းအကျဉ်းသားများအသင်းက ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ဇန်နဝါရီ ၁၉ ရက်က စတင်အသက်ဝင်ခဲ့ပြီး အစ္စရေး ဓားစာခံ ၁၃ ဦး၊ ထိုင်းအလုပ်သမား ငါးဦးနှင့် ပါလက်စတိုင်းအကျဉ်းသား ရာနှင့်ချီ လွတ်မြောက်လာခဲ့သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

## အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီ၌ ဖြစ်ပွားခဲ့သည့် လေယာဉ်ပျက်ကျမှုဖြစ်စဉ်အပေါ် အဖြေရှာရန် ကြိုးပမ်းလျက်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁**

အမေရိကန်ပြည်ထောင်စုရှိ ဗဟိုစုံစမ်းစစ်ဆေးရေးမှူးများသည် ဝါရှင်တန်ဒီစီတွင် လူအများအပြားသေဆုံးခဲ့သည့် လေယာဉ်ပျက်ကျမှုဖြစ်စဉ်နှင့်ပတ်သက်ပြီး အဖြေရှာဆုံးဖြတ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

လေကြောင်းအာဏာပိုင်များသည် လေယာဉ်၏ မှတ်တမ်းတင်သေတ္တာများကို ယနေ့ရှာဖွေတွေ့ရှိခဲ့ပြီး လေယာဉ်ပျက်ကျမှုဖြစ်စဉ်ဖြစ်ပွားမှုကို ဖော်ထုတ်နိုင်ရန်အတွက် များစွာအထောက်အကူဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါ မှတ်တမ်းတင်သေတ္တာများကို အမျိုးသား သယ်ယူပို့ဆောင်ရေး ဘေးကင်းရေးဘုတ်အဖွဲ့၏ ဓာတ်ခွဲခန်းတွင် ခွဲခြမ်းစိတ်ဖြာမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၉ ရက် ညပိုင်းတွင် ရော်နယ်လ်ရေဂင် အမျိုးသားလေဆိပ်အနီးတွင် ခရီးသည်တင်လေယာဉ်တစ်စင်းနှင့် စစ်ရဟတ်ယာဉ်တစ်စင်းတို့ တိုက်မိပြီး အနီးနားရှိ ပိုတိုမက်စ်မြစ်အတွင်း နစ်မြုပ်ခဲ့သည်။ လိုက်ပါစီးနင်းသူ ၆၇ ဦးစလုံး သေဆုံးခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အဆိုပါဖြစ်စဉ်ဖြစ်ပွားမှု၏ အကြောင်းရင်းခံကို စုံစမ်းစစ်ဆေးရန် ဖက်ဒရယ်လေကြောင်း အုပ်ချုပ်ရေး၏ ယာယီကော်မရှင်နာတစ်ဦးကို ခန့်အပ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု လေကြောင်းစီမံခန့်ခွဲရေး၏ အစီရင်ခံစာအရ အခင်းဖြစ်ပွားချိန်တွင် လေကြောင်းထိန်းချုပ်မျှော်စင်၌ လေယာဉ်များကို လမ်းကြောင်းပြစီမံခန့်ခွဲသည့် လုပ်ငန်းစဉ်နှင့် ဝန်ထမ်းဦးရေသည် မျှတမှုမရှိဘဲ ဝန်ထမ်းအရေအတွက် နည်းပါးလျက်ရှိကြောင်း သည်နယူးယောက်တိုင်းမ်သတင်းစာက သတင်းဖော်ပြသည်။

အဆိုပါလေယာဉ်တိုက်မိမှုဖြစ်ပွားစဉ်တွင် လေကြောင်းထိန်းချုပ်ရေးမှူးသည် ပုံမှန်အားဖြင့် ဝန်ထမ်းနှစ်ဦးဆောင်ရွက်ရမည့် တာဝန်ကို ၎င်းတစ်ဦးတည်း ဆောင်ရွက်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံအတွင်းရှိ လေကြောင်းထိန်းချုပ်တာဝါတိုင်အများအပြားတွင် ဝန်ထမ်းအင်အားနည်းပါးခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်ကြောင်း သည်နယူးယောက်တိုင်းမ်သတင်းစာက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

## ဇမ်ဘီယာနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ရှစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိ

**လူဆာကာ ဖေဖော်ဝါရီ ၁**

ဇမ်ဘီယာနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ရှစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၁၅ ဦးရှိလာကြောင်း နိုင်ငံပိုင်မီဒီယာက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါရောဂါကူးစက်ခံရသူများသည် မြို့တော် လူဆာကာမှဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာအင်စတီကျု၏ မျောက်ကျောက်ရောဂါကာကွယ်တားဆီးရေးဌာနမှ တာဝန်ရှိသူ ပေါ်ဇူးလူကပြောကြားသည်။

လူဆာကာမြို့တော်ရှိ လူနေရပ်ကွက်အသီးသီးတွင် အဆိုပါရောဂါဖြစ်ပွားသူများကို သီးခြားတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ရောဂါကူးစက်ခံရသူအချို့တွင် မိသားစုဝင်များလည်းပါဝင်ကြောင်း သိရသည်။ မြို့တော်ရှိ ကျန်းမာရေးအာဏာပိုင်များသည် ဇန်နဝါရီ ၁၃ ရက်မှစပြီး မျောက်ကျောက်ရောဂါကူးစက်မှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လူဆာကာမြို့တော်၌ တွေ့ရှိရသည့် ရောဂါကူးစက်ခံရသူများတွင် မြို့ပြင်သို့ ခရီးသွားလာသူများပါဝင်ကြောင်း သိရသည်။ လွန်ခဲ့သောနှစ် အောက်တိုဘာလတွင် နိုင်ငံအတွင်းသို့ အလည်အပတ်လာရောက်သည့် နိုင်ငံခြားသားအမျိုးသားတစ်ဦးတွင် ပထမဆုံး မျောက်ကျောက်ရောဂါကူးစက်မှုကို စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ဇန်နဝါရီ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့ ပေါင်းလင်း ကြို့ဝိုင်းအနီး၌ အခြားသစ် ၂ ဒသမ ၄၄၈ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၂၇၆၆၄ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ပန်းတနော်မြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၂၃၆ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၆၈၀၉၆ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ဇန်နဝါရီ ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၅၁၃ တန်၊ သစ်မာ ၂ ဒသမ ၀၅၁ တန်၊ အခြားသစ် ၁၀ ဒသမ ၀၁၁ တန်(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၃၂၉၉၂၁ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၅၁၅၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကျိုင်းဖောင်းရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းသုံးမျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်၊ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု(ခန့်မှန်းတန်ဖိုးငွေ ၂၁၁၂၄၀၈၈၁ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများအား တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အမျိုးသမီးများအား တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက်နေ ရွှေနုစိန်နှင့် မိမိခိုင်တို့က ရခိုင်ပြည်နယ် စစ်တွေမြို့နေ မ----၊ ၂၀/၂၄ နှစ်၊ မ----၊ ၂၂/၂၄ နှစ်နှင့် မ----၊ ၂၉/၂၄ နှစ်တို့ သုံးဦးအား တရုတ်နိုင်ငံ၌ တရုတ်အမျိုးသားနှင့် လက်ထပ်ပါက ငွေကျပ်သိန်း ၇၀ ရရှိမည်၊ ကလေးယူပြီးပါက နေရပ်သို့ပြန်ရမည်၊ ကားခြံနှင့် နေရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် စစ်တွေနယ်မြေရဲစခန်း (ပ) ၂၈/ ၂၀၂၄၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။ အဆိုပါအမှုအား စစ်တွေခရိုင်တရားရုံးသို့တရားစွဲတင်ပို့ခဲ့ရာ ဇန်နဝါရီ ၂၇ ရက်တွင် တရားခံ ရွှေနုစိန်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ တရုတ်နိုင်ငံ ရွှေလီမြို့ နောင်ငင်ရွာနေ နန်းဆိုင်ခမ်း(ခ)မားမား၊ တရုတ်နိုင်ငံ အန်းဟွေးပြည်နယ် ဖုရန်းမြို့နေ GAO FENGYING(ကောင်းဖိန်းရင်)၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရပ်ကွက်ကြီး(၁)နေ ဇင်သူခိုင်နှင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက်နေ မေထက်နိုင်ဦး(ခ) ထက်ထက်တို့က လယ်ဝေးမြို့နယ်နေ မ----၊ ၁၉/၂၄ နှစ်အား တရုတ်နိုင်ငံ၌ တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည်၊ တစ်နှစ်နေပြီးပါက မြန်မာနိုင်ငံသို့ ပြန်လာရမည်၊ ကလေးမွေးပေးရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့ကြသဖြင့် လေဆိပ်နယ်မြေရဲစခန်း(ပ) ၂၃/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။ အဆိုပါအမှုအား တံတားဦးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇန်နဝါရီ ၃၀ ရက်တွင် တရားခံ နန်းဆိုင်ခမ်း(ခ)မားမားနှင့် ကောင်းဖိန်းရင်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့အတူ တရုတ်နိုင်ငံ ရွှေလီမြို့ နောင်ငင်ရွာနေ နန်းဆိုင်ခမ်း(ခ)မားမား၊ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်နေ ချစ်ထူး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရပ်ကွက်ကြီး(၁)နေ ဇင်သူခိုင်၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက်နေ မေထက်နိုင်ဦး(ခ)ထက်ထက်နှင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မော်အရှေ့ရပ်ကွက်နေ ကောင်းထက်ကျော်(ခ)ဖိုးစည်တို့က ညောင်ရွှေမြို့နယ်နေ မ----၊ ၂၈/၂၄ နှစ်နှင့် တောင်ဒဂုံမြို့နယ်နေ မ----၊ ၂၃/၂၄ နှစ်တို့ နှစ်ဦးအား တရုတ်နိုင်ငံ၌ တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက ငွေကျပ်သိန်း ၈၀ ရရှိမည်၊ ပတ်စ်ပို့ပြုလုပ်ပေးမည်၊ ခရီးစရိတ်ကုန်ကျခံပေးမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရန်အတွက် စည်းရုံးသိမ်းသွင်းထားရှိပြီး အကျိုးအမြတ်ရယူဆောင်ရွက်ခဲ့ကြသဖြင့် လေဆိပ်နယ်မြေရဲစခန်း (ပ) ၂၄/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုဖွင့်လှစ်ခဲ့သည်။ အဆိုပါအမှုအား တံတားဦးခရိုင်တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ ဇန်နဝါရီ ၃၀ ရက်တွင် တရားခံ နန်းဆိုင်ခမ်း(ခ)မားမားနှင့် ချစ်ထူးတို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၂-၂၀၂၅ တနင်္ဂနွေနေ့

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (မင်္ဂလသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ)(ပထမပိုင်း)
၀၉:၁၀ ကာတွန်းအစီအစဉ် '**တိရစ္ဆာန်မြို့တော်၏ ဇာတ်လမ်း**' (အပိုင်း-၂၅)
၀၉:၃၅ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် 'ဒွေးမယ်နော်တို့ပျော်စံရာငွေတောင်ပြည်'
၀၉:၅၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၁၀ 'ချိုတေးဝေစည်ရခိုင်ပြည်' တေးဂီတ ဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၂:၃၅ This Week's Special Interest
၁၃:၀၅ အသိပညာနှင့်အမှန်တရား
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် '**ငှက်ကျောက်ခဲ**'
၁၆:၄၀ တစ်နှစ်တစ်ကြိမ်ဆင်ယင်နွှဲနာဂရိုးရာ နှစ်သစ်ကူးပွဲ
၁၆:၅၅ Sports Diary
၁၇:၁၀ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဂုဏ်ပြုတေး
၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ)(ဒုတိယပိုင်း)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဆုတောင်းပြည့်ကြယ်တာရာစတာလာ**' (အပိုင်း-၆၆)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'တေးသံရှင်ညီမြလေး'နှင့် တွေ့ဆုံခြင်း(ပထမပိုင်း)
၂၁:၃၀ ဆေးရောင်စုံရုပ်ရှင် '**လျှို့ဝှက်သောနင်း**'

**mitv**

07:02 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
07:10 The Art of Sand Painting
07:20 World Heritage Site: Beikthano
07:40 Myanmar Traditional Food: Mohinga
08:01 News
08:26 Diorama
08:39 Amazing Coconut Shell Products
08:52 Traditional Myanmar Theatrical Performance (Hla Pa Siyi Aka Panchi Yein Dance)
09:01 Edible Beauty: Tha Khut
09:29 Today Myanmar: Taking Men Out Of Dark To Light
09:43 Palm Resort
09:51 New Postage Stamp; Golden Birdwing Butterfly
10:01 News

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)** ငါးပေါင်းချက်စားကြမယ်
**ကယား (၀၈:၀၀ မှ ၁၀:၀၀)** ပညာရပ်များစွာဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၁)
**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)** စာပေစကားပြောကြရအောင်(အပိုင်း-၁)
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** စဉ့်အိုးဖိုရွာကလေးရဲ့အိုးလုပ်ငန်း
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** တွဲလက်ညီညီခရီးဆက်မည်(အပိုင်း-၂)
**ချင်း(လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)** တွဲလက်ညီညီခရီးဆက်မည်(အပိုင်း-၃)
**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** သွေးချင်းတို့ရဲ့ဆုံဆည်းရာ(အပိုင်း-၁)
**မွန် (၁၅:၀၀ မှ ၁၇:၀၀)** ကြက်သွန်ဖြူစားခြင်း၏ကျန်းမာရေးအကျိုးကျေးဇူး
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** ထူးဆန်းဖွယ်ရာရခိုင့်ဓလေ့ရိုးရာ(ငါးလေလံအကြောင်း)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** ဟောက်မယ်မြို့လေးတစ်နေရာကပန်းတမော့လက်မှုပညာ
**ဝ (၂၁:၀၀ မှ ၂၃:၀၀)** စပျစ်သီးစိုက်ပျိုးခြင်း

**MRTV NEWS**

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၄၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ)(အပိုင်း-၂)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**တာဝန်နှင့်လူ**'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
၁၁:၃၀ ရွှေသို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၆၁)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
၀၆:၂၀ တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့တစ်နှစ်သုံးသီး စိုက်ကြစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၀၈:၅၀ BUSY DAY ON THE FARM
၁၉:၂၀ How Texas Farmers Use 127 Million Acres of Farmland
၁၉:၄၅ International Music Hits
၂၀:၀၀ ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်(ဇာတ်လမ်း)
၂၂:၀၀ hocus pocus (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Weekly Sports Info
၀၇:၄၅ Weekend News
၁၇:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ဗီသွာလျှော်အကြောင်း သိကောင်းစရာ

ရွှေဇင်မင်းလှိုင်

ကမ္ဘာ့ဂုန်လျှော်စိုက်ဧက၏ ၈၀ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် စိုက်ပျိုးလျက်ရှိပါသည်။ ကိုလိုနီခေတ်တွင် အိန္ဒိယလယ်သမားများက မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် လျှော်ကို စတင်စိုက်ပျိုးခဲ့ကြောင်းနှင့် ဂျပန်ခေတ်တွင် တရုတ်(တိုင်ပေ)မှ မျိုးစေ့တင်သွင်း စိုက်ပျိုးခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ လျှော်ကို ပူပြင်းစိုစွတ်သောဒေသများတွင် စိုက်ပျိုးနိုင်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။

ဂုန်လျှော်နှင့် အခြားအရေးပါသော လျှော်မျှင်များတွင် ပင်စည်မှရရှိသည့် နူးညံ့သော လျှော်မျှင်များနှင့် အပင်နှင့်အရွက်မှရရှိသည့် မာသောလျှော်မျှင်များဟူ၍ နှစ်မျိုးရှိပါသည်။ ပင်စည်မှရရှိသော နူးညံ့သည့်လျှော်မျှင်များမှာ ဂုန်လျှော်သီးလုံးပု [Jute (White)]၊ ဂုန်လျှော်သီးတောင့်ရှည် [Jute (Tossa)]၊ ချဉ်ပေါင်လျှော်(Kenaf)၊ ချဉ်ပေါင်လျှော်(Rosella/ Mesta)၊ ဗီသွာလျှော် [Flax(Linen)]၊ ရာမီလျှော် [Ramie (China Grass)]၊ ဘန်လျှော်(Hemp)၊ ပိုက်ဆံလျှော် (Sunn Hemp) တို့ဖြစ်ပြီး အပင်နှင့်အရွက်မှရရှိသော မာသောလျှော်မျှင်များမှာ နာနတ်လျှော်(Sisal)၊ ငှက်ပျောလျှော်(Abaca/ Manila Hemp) တို့ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်နှင့် ပိုက်ဆံလျှော်တို့ကိုသာ စီးပွားဖြစ်စိုက်ပျိုးကြသည်။

**ဗီသွာလျှော် – Flax (Linen)**

ဗီသွာလျှော်၏ သိပ္ပံအမည်မှာ Linum usitatissimum ဖြစ်ပြီး မျိုးရင်းမှာ Linaceae ဖြစ်ပါသည်။ အဓိက စိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံများမှာ ရုရှား၊ ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံတို့ဖြစ်ပါသည်။ ထူးထူးခြားခြား စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများမှာ တရုတ်၊ ဘီလာရုစ်နှင့် ရုရှားတို့ဖြစ်ပါသည်။ ကမ္ဘာ့စိုက်ဧက ဟက်တာ ၃၂၀၀၀၀ အနက် ဥရောပ၌ ဟက်တာ ၁၂၀၀၀ ရှိသည်။

ဗီသွာပင်ကို လျှော်နှင့် အစေ့ရရှိစေရန် ကျောက်ခေတ်ကတည်းကပင် ဥရောပတိုက်တွင် စိုက်ပျိုးခဲ့ကြကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ မြေထဲပင်လယ်တစ်ဝိုက်တွင် နေထိုင်ကြသူများက ဗီသွာပင်မှလျှော်ကို စတင်အသုံးပြုခဲ့ပြီးနောက် ဥရောပတိုက်ရှိ အခြားအရပ်များသို့ ပျံ့နှံ့သွားခဲ့သည်။ ယင်းမှတစ်ဆင့် အမေရိကတိုက်သို့လည်းကောင်း၊ ဩစတြေးလျတိုက်သို့လည်းကောင်း ပျံ့နှံ့လာခဲ့ပါသည်။

ဥရောပတိုက်တွင် ဗီသွာပင်ကို လျှော်အတွက်သာ စိုက်ပျိုးကြသည်။ အိန္ဒိယ၊ ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် အာဂျင်တီးနားနိုင်ငံတို့၌မူ ဗီသွာပင်မှအစေ့ကို ဆီကြိတ်ရန်စိုက်ပျိုးထုတ်လုပ်သည်က ပို၍များသည်။ ဗီသွာလျှော် အကောင်းဆုံးနှင့် အများဆုံးထွက်သော နိုင်ငံများမှာ ရုရှား၊ ပြင်သစ်၊ ဟော်လန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ဖြစ်သည်။ တစ်ကမ္ဘာလုံးမှ ထွက်သော ဗီသွာလျှော် သုံးပုံ နှစ်ပုံကို ရုရှားနိုင်ငံက စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက လျှော်အလွန်အထွက်များသော ဘယ်လ်ဂျီယံနိုင်ငံမှ တင်သွင်းနိုင်ခြင်းမရှိသဖြင့် အင်္ဂလန်နိုင်ငံတွင် ဗီသွာလျှော်ပင်များကို စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ခဲ့သည်။ နောက်ပိုင်းတွင် ပို၍တွင်ကျယ်စွာ စိုက်ပျိုးထုတ်လုပ်လာကြသည်။



ဗီသွာလျှော်ကို ဗီသွာပင်စည်မှ ခွာယူရပါသည်။ ဗီသွာပင်ကို နှမ်းကြတ်ပင်၊ ဗီသွာလျှော်ကို နှမ်းကြတ်လျှော်ဟုလည်းခေါ်ကြသည်။ ဗီသွာလျှော်သည် ဝါချည်ပြီးနောက် ကမ္ဘာပေါ်တွင် အသုံးအများဆုံးသောလျှော်ဖြစ်သည်။ အမျှင်ခိုင်၍ နူးညံ့ပြီး ပိုးရောင်ကဲ့သို့ အရောင်တောက်သည်။

ဗီသွာပင်သည်သေး၍အကိုင်းအခက်များသည်။ အရွက်များသည် အစိမ်းရင့်ရောင်၊ သွယ်လျသော ပုံသဏ္ဍာန်ရှိပြီး အရှည် ၂၀–၄၀ မီလီမီတာနှင့် အနံ သုံးမီလီမီတာရှိသည်။ ပန်းများသည် အပြာဖျော့ဖျော့၊ အချင်း ၁၅–၂၅ မီလီမီတာရှိ ပန်းငါးပွင့်ရှိသည်။ အသီးသည် လေး–ခုနစ်မီလီမီတာရှည်၍ ပန်းသီးပုံသဏ္ဍာန် အညိုရောင်အစေ့များပါဝင်သော သီးတောင့်တစ်ခုဖြစ်သည်။ အပင်အမြင့်တစ်ပေမှ ၁၀ ပေထိရှိတတ်သည်။ အပွင့်လေးများသည် အများအားဖြင့် အပြာရောင်ဖြစ်၍ အဖြူရောင်ပွင့်သော ဗီသွာလျှော်မျိုးတစ်မျိုးလည်းရှိသည်။

ဗီသွာလျှော်ကို ပင်စည်ခွံအတွင်းမှရရှိသည်။ ပင်စည်ရှည်သော ဗီသွာပင်မှလျှော်သည် ပင်စည်ပုသော အပင်မှလျှော်ထက် မျိုးကောင်းသည်။ လျှော်ကို အကိုင်းနှင့် အမြစ်တို့မှ ခွာထုတ်၍မရချေ။ ရာသီဥတုအေး၍ စိုစွတ်ထိုင်းမှိုင်းသောဒေသတွင် ကောင်းစွာစိုက်ပျိုးနိုင်သည်။ ဗီသွာလျှော် စိုက်ပျိုးရန် အသင့်တော်ဆုံးမြေမှာ အော်ဂဲနစ်ဒြပ်ပစ္စည်း အချိုးအစားများစွာ ပါဝင်သောမြေဖြစ်ရမည်။ ဗီသွာပင်သည် သမပိုင်းဒေသပေါက်ပင်ဖြစ်၍ အပူပိုင်းဒေသ၌ မပေါက်ရောက်နိုင်သောအပင်ဖြစ်သည်။

ဗီသွာပင်သည် စိုက်၍ နှစ်လခန့်ကြာသောအခါ အပွင့်များပွင့်သည်။ ထိုအပွင့်များမှ အစေ့တောင့်ဖြစ်၍ ရက်သတ္တ သုံးပတ်အတွင်း အစေ့၏အရောင်သည် ညို၍မှည့်လာသည်။ အသီးအားလုံးမမှည့်မီ အပင်များကို လက်ဖြင့်နုတ်ယူကြရသည်။ မြောက်အမေရိကတိုက်တွင် ဗီသွာပင်နုတ်သည့်စက်ကို တီထွင်အသုံးပြုလျက်ရှိသည်။ ထိုအပင်များကို နုတ်ပြီးနောက် နိုင်သလောက်စုစည်းကာ စိုက်ခင်းထဲ၌ ထိုအစည်းများကိုထောင်၍ အခြောက်ခံထားရသည်။ အပင်များခြောက်သွေ့လာလျှင် သံဘီးဖြင့် အစေ့များကို ဖြီးချလိုက်ရသည်။

ထိုအစေ့များကို မျိုးအဖြစ်လည်းကောင်း၊ ဆီကြိတ်ယူရန်သော်လည်းကောင်း သိမ်းဆည်း၍ထားရသည်။ အစေ့ချွေပြီးသည့်အခါ လျှော်ကို အလွယ်တကူခွာယူနိုင်ရန် အပင်များကို ရေအိုင်၊ ရေကန် (သို့မဟုတ်) မြစ်ထဲတွင် ရေစိမ်၍ထားရသည်။ ယင်းသို့ ရေထဲ၌စိမ်ထားသဖြင့် အပင်များ အနည်းငယ်ရိရော်၍လာသောအခါ လျှော်ကို မြက်ခင်းများပေါ်တွင် အခြောက်ခံထားရပြန်သည်။ ထို့နောက် လျှော်ပင်များကို ကြံ့ရည်ကြိတ်လက်လှည့်ဒလိမ့်တုံးကဲ့သို့သောစက်မျိုးဖြင့် အပင်၏အတွင်းသား ကြေသွားအောင် ခြေပစ်လိုက်သည်။ အချို့ကလည်း စက်များဖြင့် အပင်များကိုခြေလိုက်သည်။ တစ်ဖန် လျှော်မျှင်များ ဆန့်သွားစေရန်နှင့် လျှော်သန့်သန့်ရရှိရန် တုတ်ဖြင့်ထုရိုက်ရသည်။ ဤကဲ့သို့ပြုလုပ်ရာ၌စက်ကို အသုံးပြုကြသည်လည်းရှိသည်။ နောက်ဆုံးတွင် လျှော်မျှင်များရရှိရန် သံဘီးများဖြင့် အပင်ကိုတစ်ဖန်ဖြီးချရသည်။ ရရှိသောလျှော်မျှင်များကို အရှည်နှင့် အတိုခွဲခြား၍ ချည်လုပ်စက်ရုံများသို့ တင်ပို့ကြသည်။

ဗီသွာပင်မှရသော ဗီသွာစေ့ ၁၀၀ ဂရမ်တွင် အဆီဓာတ် ၄၁ ဂရမ်၊ အမျှင်ဓာတ် ၂၈ ဂရမ်၊ Omega-3 နှင့် ပရိုတင်းဓာတ် ၂၀ ဂရမ်ခန့် ပါဝင်ပါသည်။ ဗီသွာစေ့တွင် ဗီတာမင် B1၊ B2၊ C၊ E တို့လည်း အနည်းငယ်ပါဝင်ပါသည်။ ဗီသွာစေ့ကို တိရစ္ဆာန်အစာအဖြစ်လည်း အသုံးပြုကြသည်။

ဗီသွာပင်ကို အစေ့အတွက် စိုက်ပျိုးသည့်အခါ စပါးပင်များ စိုက်ပျိုးလုပ်ကိုင်ရာ၌ အသုံးပြုသော ကောက်စိုက်စက်၊ ရိတ်သိမ်းစက်များဖြင့် အပင်များကို စိုက်ပျိုးရိတ်သိမ်းနိုင်ပါသည်။ တောင်အမေရိကတိုက်ရှိ အာဂျင်တီနားနိုင်ငံသည် တစ်ကမ္ဘာလုံးမှ ထွက်သမျှ ဗီသွာစေ့၏ ထက်ဝက်မျှရရှိသော အထွက်အများဆုံးနိုင်ငံဖြစ်သည်။

**အသုံးပြုပုံ**

ဗီသွာစေ့မှ ကြိတ်ညှစ်၍ရရှိသော ဗီသွာဆီကို သဘော်ဆေးရောစပ်ရာတွင် လည်းကောင်း၊ ပုံနှိပ်မင်ဖော်စပ်ရာတွင် လည်းကောင်း၊ ဆီစိမ်အဝတ်၊ သားရေပြောင်နှင့် ဆီစိမ်ရွက်ထည်များပြုလုပ်ရာတွင် လည်းကောင်း၊ သုတ်ဆေး၊ အရောင်တင်ဆီ၊ ဖယောင်းပုဆိုး၊ ဆပ်ပြာနှင့် အခြားထုတ်ကုန်များစွာ ထုတ်လုပ်ရန်အတွက်လည်းကောင်း အသုံးပြုနိုင်သည်။ ဗီသွာအစေ့မှ ဆီညှစ်ယူပြီးနောက်ကျန်သည့် နှမ်းဖတ်ကဲ့သို့သော ဗီသွာဖတ်များသည် ပရိုတင်းဓာတ်များသဖြင့် တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြသည်။

လျှော်မျှင်၏ခိုင်ခံ့မှုအရ ခြေညှပ်ဖိနပ်များ၊ ငါးဖမ်းပိုက်များ၊ ရွက်လှေများ၊ ငှက်ကျော့ကွင်းများ၊ ကြိုးများ၊ ကြမ်းခင်းဖျာများနှင့် ခြင်းတောင်းများ ပြုလုပ်ရာတွင် အသုံးပြုကြသည်။ ဥယျာဉ်ခြံများတွင်လည်း အလှပန်းပင်များအဖြစ် အလှဆင်စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် ဗီသွာစေ့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတင်သွင်း၍ ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုကြသည်ဟု သိရှိရပါသည်။

ဗီသွာလျှော်ကို လီနင်စရက်လုပ်ရာတွင် အဓိကအသုံးပြုကြသည်။ ဗီသွာလျှော်သည် ပိုးသားကဲ့သို့ ကောင်းမွန်၍ ဝါချည်မျှင်ထက်ခိုင်ခံ့ပြီး ကိုင်ကြည့်လျှင် ခပ်မာမာဖြစ်၍ တွန့်ကြေသော်လည်း ရေစုပ်ယူခြင်းနှင့် ပြန်လည်စွန့်ထုတ်ခြင်း မြန်ဆန်မှုကြောင့် ပူပြင်းသည့်ရာသီတွင် ရိုးရာဝတ်စုံများရက်လုပ်၍ တန်ဖိုးထားဝတ်ဆင်ကြသည်။

**ဈေးကွက်**

တရုတ်နိုင်ငံသည် အခြားနိုင်ငံများ၏ ဗီသွာလျှော်မျှင်ကြမ်းများကို အဓိကဝယ်ယူပြီး ကုန်ချောထုတ်လုပ်ကာ နှစ်စဉ် ပြည်ပသို့တန်ချိန် ၆၀၀၀၀ ကျော် တင်ပို့ပြီး အရည်အသွေးကောင်း ချည်မျှင်ထုတ်ကုန်များကို ဥရောပ၊ ဂျပန်နှင့် အမေရိကန်တို့သို့ တင်ပို့သည်ဟု သိရှိရပါသည်။ ဗီသွာစေ့ကို အိန္ဒိယနိုင်ငံက အမေရိကန်၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံတို့သို့ အများအပြားတင်ပို့လျက်ရှိပါသည်။

ဗီသွာလျှော်သည် မြန်မာနိုင်ငံတွင် စိုက်ပျိုးခြင်းမရှိသော်လည်း ကမ္ဘာ့ဈေးကွက်တွင် တွင်တွင်ကျယ်ကျယ် စိုက်ပျိုးထုတ်လုပ်သော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရှိနိုင်ပါရန် ရေးသားတင်ပြအပ်ပါသည်။ ။



**❝ဗီသွာစေ့မှကြိတ်ညှစ်၍ရရှိသော ဗီသွာဆီကို သဘော်ဆေးရောစပ်ရာတွင် လည်းကောင်း၊ ပုံနှိပ်မင်ဖော်စပ်ရာတွင်လည်းကောင်း၊ ဆီစိမ်အဝတ်၊ သားရေပြောင်နှင့် ဆီစိမ်ရွက်ထည်များပြုလုပ်ရာတွင်လည်းကောင်း၊ သုတ်ဆေး၊ အရောင်တင်ဆီ၊ ဖယောင်းပုဆိုး၊ ဆပ်ပြာနှင့် အခြားထုတ်ကုန်များစွာ ထုတ်လုပ်ရန်အတွက်လည်းကောင်း အသုံးပြုနိုင်သည်။ ဗီသွာအစေ့မှ ဆီညှစ်ယူပြီးနောက်ကျန်သည့် နှမ်းဖတ်ကဲ့သို့သော ဗီသွာဖတ်များသည် ပရိုတင်းဓာတ်များသဖြင့် တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြသည်။ လျှော်မျှင်၏ခိုင်ခံ့မှုအရ ခြေညှပ်ဖိနပ်များ၊ ငါးဖမ်းပိုက်များ၊ ရွက်လှေများ၊ ငှက်ကျော့ကွင်းများ၊ ကြိုးများ၊ ကြမ်းခင်းဖျာများနှင့် ခြင်းတောင်းများပြုလုပ်ရာတွင် အသုံးပြု❞**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လှာကမြင်ကျေးရွာအုပ်စု ပါရမီတံတားအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဘားအံ-လှိုင်းဘွဲလမ်းမကြီး၊ မဲဘောင်-ရသဝေါ-လှာကမြင်-သာနုံး-ကော့ထော်လမ်း၊ မိဇ-ကော့ကူး-ပေါ့ထော်-နောင်ကမြိုင်လမ်းတို့နှင့် ချိတ်ဆက်ထားသည့် လှာကမြင်ကျေးရွာအုပ်စု ပါရမီတံတားအဝင်လမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦး တည်နေရာ၌ ကျင်းပသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၄၇ ဒသမ ၉၁၆ သန်းဖြင့် ရွှေဖားစည်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော အကျယ် ၁၄ ပေ၊ အရှည် ၁ မိုင်/ သုည ဒသမ ၃ ဖာလုံရှိ ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းဖွင့်ပွဲတွင် ပါဝင်အားဖြည့် ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့များနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူး၍ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ ကွန်ကရစ်လမ်းသစ်ကို ဖွင့်လှစ် ပေးနိုင်ခဲ့သည့်အတွက် ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များအတွက် ကျေးလက်လမ်း ကွန်ရက်များအသုံးပြု၍ အမြန်ဆုံး ဆက်သွယ်သွားလာနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ၊ စက်မှုလက်မှု ထုတ်ကုန်များကို ကုန်ကျစရိတ် သက်သာစွာဖြင့် ဈေးကွက်သို့အမြန်ဆုံးရောက်ရှိ၍ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အိမ်မဲမြို့နယ်၌ ၂၀၂၄ ခုနှစ် လူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆန်းစစ်ဆွေးနွေး

**အိမ်မဲ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၂၄ ခုနှစ် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆန်းစစ်ဆွေးနွေးပွဲကို ယမန်နေ့ ညနေပိုင်းက ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးကျော်အောင်က ၂၀၂၄ ခုနှစ် လူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ ရွာသစ်တိုက်နယ်ဆရာဝန် ဒေါက်တာမိုးသန့်စင်က အိမ်မဲမြို့နယ် ကုသရေးဦးစီးဌာန ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**အိမ်မဲ(ပြန်/ဆက်)**





# ထန်းတပင်မြို့နယ်၌ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

**ထန်းတပင် ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်/ကျေးရွာများရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးများအား အဆုတ်ရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်၊ နမိုးနီးယားကာကွယ်ဆေး၊ ပိုလီယိုသောက်ဆေးနှင့် ထိုးဆေး၊ မေးခိုင်ရောဂါကာကွယ်ဆေး၊ ဝမ်းရောဂါကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများကို အလှည့်ကျစနစ်ဖြင့် ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၈၀ | ၃၂၉၅ | ၃၂၆၀ | ၃၁၉၅ | ၃၃၀၀ | ၃၃၁၅ | ၃၃၃၅ | ၃၂၅၅ | ၄၅၀၅ | ၃၅၄၅ | ၃၂၇၀ | ၃၂၇၀ | ၃၃၄၀ | ၃၃၀၅ | ၃၃၃၀ | ၃၅၈၅ | ၄၁၀၀ |
| 95 Ron | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၀ | ၃၃၃၀ | ၄၅၆၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၂၀ | ၂၉၃၀ | ၂၈၉၅ | ၂၈၃၀ | ၂၉၃၅ | ၂၉၅၅ | ၂၉၇၀ | ၂၈၉၀ | - | ၃၁၈၀ | ၂၉၀၅ | ၂၉၀၅ | ၂၉၇၅ | ၂၉၄၀ | ၂၉၆၅ | ၃၂၂၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | ၄၈၃၀ | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |
| HSD (10 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | - | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၀၇ | ၃၁၀၀ |
| 95 Ron | ၃၀၀၂ | ၃၁၇၀ |
| HSD (500 ppm) | ၂၆၅၄ | ၂၇၃၆ |
| HSD (50 ppm) | ၃၃၀၂ | ၃၃၉၈ |
| HSD (10 ppm) | ၃၃၀၂ | ၃၃၉၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၁၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၁၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့၌ “လင်းရောင်ခြည်” စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၁**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “လင်းရောင်ခြည်”စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ သာယာအေးရပ်ကွက်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ စီးပွားရေးရာဝန်ကြီး နိုင်လယိတမ၊ သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်နှင့် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်တို့က “လင်းရောင်ခြည်” စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်ဖွားအဖွဲ့အား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက “လင်းရောင်ခြည်”စာကြည့်တိုက် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး စာကြည့်တိုက်အတွင်း သုတ၊ ရသ စာအုပ်စာစောင်များ၊ ပရိဘောဂပစ္စည်းများ၊ ရပ်ကွက်ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် စာကြည့်တိုက်အတွက် အလှူရှင်များက ငွေပဒေသာပင်၊ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ လင်းရောင်ခြည်စာကြည့်တိုက်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီက မတည်လှူဒါန်းငွေကျပ် သိန်း ၁၅၀၊ စေတနာရှင် အလှူရှင်များက လှူဒါန်းငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၅၀ ဖြင့် အလျား ပေ ၂၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေ တစ်ထပ်အဆောက်အအုံ တည်ဆောက်ထားသည်။ မွန်ပြည်နယ်အစိုးရအဖွဲ့က စာကြည့်တိုက်ငွေပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ငါးသိန်းနှင့် ရပ်ကွက်သူရပ်ကွက်သားများက စုပေါင်းလှူဒါန်းငွေကျပ် ငါးသိန်း စုစုပေါင်း စာကြည့်တိုက်ငွေပဒေသာပင် ငွေကျပ် ၁၀ သိန်းကို စိုက်ထူခဲ့ကြပြီး မွန်ပြည်နယ်စာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် နွေးထွေးသောရင်ခွင်ကိုယ့်အားကိုယ်ကိုးအဖွဲ့တို့က သုတ၊ ရသ စာအုပ် ၄၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# ဇေယျာသီရိမြို့နယ်တွင် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားများကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ် နေပြည်တော် ဇေယျာသီရိမြို့နယ် သာယာဝှမ်းကျေးရွာ “ပင်စည်” စာကြည့်တိုက်နှင့် ပြည်စံအောင်ရပ်ကွက်ရှိ “လူထုအလင်း” စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်များရှေ့၌ ကျင်းပသည်။



**တက်ရောက်**

အဆိုပါ အခမ်းအနားများသို့ နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဟန်သူနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရာက်ကြသည်။

ဦးစွာ “ပင်စည်”စာကြည့်တိုက်နှင့် “လူထုအလင်း” စာကြည့်တိုက် အဆောက်အအုံ အသစ်ကို နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဟန်သူ၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ တိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စံပယ်လွင်၊ ဇေယျာသီရိ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်၊ ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကြည်ထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် ကောင်စီဝင် ဦးဟန်သူနှင့် တာဝန်ရှိသူများက စာကြည့်တိုက်များ အတွက်အလှူငွေများ၊ စာအုပ်စာစောင်များ၊ MRTV DTH စလောင်းနှင့် MRTV DVB– T2 Set Top Box တစ်စုံကို လည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ကာ စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း စာကြည့်တိုက် စုစုပေါင်း ၅၈ တိုက် ဆောက်လုပ်ရန် လျာထားလျက်ရှိရာ ဆောက်လုပ်ပြီးစီးသည့် စာကြည့်တိုက် စုစုပေါင်း ၂၄ တိုက် ဆောက်လုပ်ပြီးစီးခဲ့သည့်အနက် ၁၆ တိုက်ကို ဖွင့်လှစ်ပြီးစီးခဲ့ပြီဖြစ်သည်။ ယနေ့ဖွင့်လှစ်ခဲ့သော သာယာဝှမ်းကျေးရွာ “ပင်စည်” စာကြည့်တိုက်နှင့် ပြည်စံအောင် ရပ်ကွက်ရှိ “လူထုအလင်း” စာကြည့်တိုက်တို့မှာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ဆောက်လုပ်ရန်ကျန်ရှိသည့် စာကြည့်တိုက်များကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## လာနီညာ အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာ အခြေအနေတွင်ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ဖေဖော်ဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်းနှင့် မိုးရွာသွန်းမှု ပုံမှန်ထက်ပိုမိုခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည် ဖြစ်သည်။

**မိုး/ဇလ**



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဇေယျာသီရိ မိဘမဲ့အမျိုးသမီးလေးများ ပရဟိတဂေဟာရှိ ကျောင်းသူ ၁၃၅ ဦးတို့အား ဖေဖော်ဝါရီ ၁ ရက်က တောင်ငူမြို့နေ သတင်းစာဆရာ ဦးကျော်လှ၏ အသက် (၈၈)နှစ်ပြည့်မွေးနေ့ကုသိုလ်အဖြစ် သမာဓိမိသားစုက နေ့လယ်စာ အာဟာရဒါန ကျွေးမွေးလှူဒါန်းစဉ်။

၁၂၉



# ရေနံချောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးစာဖတ်ဝိုင်း ကျင်းပ

**ရေနံချောင်း ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းမောင်(နွေဦးမွန်)နှင့် အသင်းဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကာ အောင်ကိုဦး(UMK) ရေးသားသည့် “လူငယ်တွေကို လမ်းဖွင့်ပေးပါ”စာအုပ်ကို ဖတ်ရှုခဲ့ကြပြီး အဆိုပါစာအုပ်တွင်ပါရှိသော လူငယ်များနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေး နံရံကပ်စာစောင်၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဝတ္ထုတို

# ပိုင်ပိုင်

(၁)

“.......”

ငြိမ်းကို မြင်လိုက်သည်နှင့် နှုတ်ခမ်းက ခပ်ဟဟဖွင့်ပြီး အသံတိတ်ရှေ့ရွတ်သွားသည့် ဒေါ်မူမူသည် ရပ်ကွက်အတွင်းမှာတော့ အသန့်အပြန့်အလွန်ကြိုက်သော အဆင့်အတန်း အလွန်ခွဲခြားတတ်သော မာန်မာန အလွန်ကြီးသော အတော်အသင့်ကြွယ်ဝသော ဒေါ်မူမူကို မသိသူမရှိ။

“အဟင်း...ဟင်း”

ငြိမ်း သဘောကျစွာ ရယ်လိုက်မိသည်။ လူတွေ၏ မတူညီသည့် အတွင်းစိတ်ထားများကို ထင်သာမြင်သာ သိလာရသည့်နောက်မှာတော့ ငြိမ်း လုပ်ချင်၍လုပ်နေသည့်အလုပ်ကို ပိုပြီးတန်ဖိုးထားတတ်လာသည်။

(၂)

အပြင်ကပြန်ရောက်သည်နှင့် မီးအားသွင်းပြီးထားခဲ့သည့်ဖုန်းကို ဖွင့်ကြည့်ကာ ဖုန်းခေါ်ထားသည်များကို ချက်ချင်း ဖုန်းပြန်ခေါ်လိုက်သည်-

“ဟယ်လို....”

“ကျွတ်...ဖုန်းခေါ်တာ ငါးခါတောင်မှ ကွာ။ ဖုန်းမကိုင်နိုင်လောက်အောင် ဘာတွေများ အလုပ်ရှုပ်နေလဲ”

“စိတ်မဆိုးပါနဲ့ ကိုရယ်...ဖုန်းက အားသွင်းထားခဲ့တာ။ ငြိမ်းတို့ အိမ်အနောက်ဘက်က ဦးလေးကျော်ကြီး လေဖြတ်သွားလို့လေ အရေးပေါ်ကားခေါ်ပြီး ဆေးရုံလိုက်ပို့နေတာ။ သူ့သားသမီးတွေကလည်း အဝေးမှာဆိုတော့...”

“ဟုတ်ပါပြီ။ အဲဒီလိုပဲ တစ်ရပ်ကွက်လုံးက အလုပ်တွေကို လိုက်လုပ်နေလိုက်။ ကိုယ့်ချစ်သူကို အချိန်မပေးနဲ့။ ကိုယ့်ဘဝရှေ့ရေးကို မစဉ်းစားနဲ့။ မင်းအတွက် လူမှုရေးကအရေးကြီးဆုံးမဟုတ်လား။ ဒါပဲ..ဒါပဲ”

“ဟင်...”

ဒေါသသံအပြည့်နှင့်ပြောပြီး ဖုန်းချသွားသည့်ချစ်ရသူကို ငြိမ်း စိတ်မဆိုးအားပေ။

“မငြိမ်းရေ... ဒေါ်လေးအေးမြက ညနေ သူ့အိမ်ကို လာခဲ့ပေးပါဦးတဲ့။ မီးငယ်မကို လာတောင်းရမ်းကြမှာမို့တဲ့။ ဒေါ်လေးအေးမြက မငြိမ်းကို အားကိုးတာမို့ပါတဲ့။ တိုင်ပင်စရာလည်းရှိလို့တဲ့”

“သြော်...အေးပါ ..အေးပါ”

အိမ်ရှေ့မှ လှမ်းအော်ပြောသည့် သီတာကို ငြိမ်း ပြုံးပြုံးလေးပြန်ပြောလိုက်သည်။ ဆွေမျိုးနီးစပ်တော်သည့် ဒေါ်လေးအေးမြအိမ်သို့ ညနေတွင် သွားရပေဦးမည်။ ဒေါ်လေးအေးမြဆိုသည်ကား သိပ်ကို အေးဆေးလွန်းသူ။ သူ့ သားသမီးအရေးကိစ္စမှန်သမျှ ငြိမ်းကိုသာ တိုင်ပင်ဆုံးဖြတ်တတ်သူ။ ငြိမ်းကို လိုအပ်သူဆိုလျှင် ငြိမ်းက ကူညီရန်အသင့်ရှိမြဲ။ ဗိုက်ထဲက သံစုံမြည်လာချေပြီ။ မနက်ကတည်းက ဘာမှ မစားရသေး။ ဦးလေးကျော်ကြီးကို ဆေးရုံပို့ပြီး အရေးပေါ်ဆေးကုသနေမှုကို စိုးရိမ်စိတ်နှင့်စောင့်ကြည့်ပေးနေခဲ့သည်။ စိတ်အေးရသည့် အနေအထားရောက်မှ ဦးလေးကျော်ကြီး၏ သားသမီးများကို အကြောင်းကြားပေးပြီး ငြိမ်း အိမ်ပြန်လာခဲ့ခြင်းပင်။




“ကြီးကြီး...ငြိမ်း ဗိုက်ဆာတယ်”

“အဆင်သင့်ပါ သမီးရေ။ အုပ်ဆောင်းအောက်မှာ သမီးကြိုက်တဲ့ ငါးခြောက်ဖုတ်၊ ခရမ်းချဉ်သီး ပန်ထွေဖျော်၊ ထောပတ်ပဲ စိမ်းလေးနှပ်။ ရေနွေးကြမ်းလေးသောက်ပြီး စား။ ပြီးရင် ခဏနားဦးနော်။ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်အုံး သမီးရေ။ ကြီးကြီး ပုတီးစိပ်တော့မယ်”

“ဟုတ်ကဲ့ပါ ကြီးကြီး။ ကျေးဇူးအများကြီးတင်ပါတယ်”

“အဟင်း..ဟင်း...”

ကြည်ကြည်လင်လင် ပြုံးရယ်လျက် ဘုရားခန်းအတွင်းသို့ ဝင်သွားသည့် ကြီးကြီးက ငြိမ်းတို့မောင်နှမ နှစ်ယောက်အတွက် အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်၏။ ဖေဖေဆုံးပါးသွားပြီး တစ်နှစ်ကျော်ခန့်တွင် မေမေဆုံးပါးခဲ့ပြန်သည်။ မိဘမဲ့သွားသည့် ငြိမ်းတို့မောင်နှမနှစ်ယောက်ကို ဖေဖေ၏အစ်မ ကျောင်းအုပ်ဆရာမကြီး ကြီးကြီးက မွေးမြူစောင့်ရှောက်ခဲ့သည်။ ကိုကိုကြီးက ဘွဲ့ရပြီးသည်နှင့် နိုင်ငံခြားထွက်သွားသည်မှာ ဆယ်နှစ်ရှိပြီ။ ကြီးကြီးနှင့် ငြိမ်းတို့အတွက် မပူမပင်စားသောက်နေရေးအတွက် လစဉ်ငွေပို့ပေး၏။ ငြိမ်းက ဘွဲ့ရပြီး ရုံးတစ်ရုံး၌ အလုပ်ဝင်ခဲ့သေးသည်။ ခင်မင်ရာ ခင်မင်ကြောင်းမိတ်ဆွေ သူငယ်ချင်းများ၏ အရေးကိစ္စဟူသရွေ့ကို လျစ်လျူမရှုတတ်သည့် ငြိမ်း၏ ပင်ကိုအကျင့်ကြောင့်ပင် ရုံးမှအလုပ်ထွက်ခဲ့ရသည်။ လူမှုရေးဆိုလျှင် ရုံးအလုပ်ကိုဘေးထားပြီး ခွင့်ခဏခဏယူတတ်သည့် ငြိမ်းကို ဦးစီးမှူးက “ဒီလောက်သူများအရေးတွေ အလေးထားလုပ်ချင်နေမှတော့ ရုံးအလုပ်ကနေထွက်လိုက်ပါလား”ဟု ပြောလာသည့်စကားကို ငြိမ်း မခံချင်ဖြစ်ကာ ထွက်စာတင်ပစ်လိုက်၏။ အလုပ်မှထွက်လာသော ငြိမ်းကို ကြီးကြီးနှင့် ကိုကိုကြီးက အပြစ်မမြင်။

“လူ့ဘဝက တိုတောင်းပါတယ် သမီးရယ်။ ရှင်သန်ရတဲ့အချိန်လေးမှာ ကိုယ်စိတ်ပါရာကိုသာလုပ်ပါ။ အကျိုးအမြတ်ဆိုတာကို မမျှော်ကိုးတတ်တဲ့ သမီးအတွက်က ပီတိတွေနဲ့ အေးချမ်းနေမှာပါ။ ကြီးကြီးကတော့ ပင်စင်ယူပြီးကတည်းက လူကြားသူကြားထဲမှာ မနေချင်တော့ဘူး။ လူတွေသူတွေနဲ့လည်း စကားတွေများများ မပြောချင်တော့ဘူး။ အိမ်ထဲမှာပဲနေပြီး တရားဘာဝနာလေး ပွားနေလိုက်တော့မယ်”

ငြိမ်း အပြင်ထွက်များလည်း ကြီးကြီးက အပြစ်မပြော။ ငြိမ်း ပြန်လာလျှင်စားသောက်ရန် အဆင်သင့်ပြင်ပေးထားတတ်သည်။ တစ်ပတ်တစ်ခါ ကိုကိုကြီးက အချိန်မှန်မှန် ဖုန်းဆက်တတ်သည်။

“ကောင်းကွာ။ အလုပ်ကနေထွက်လိုက်တော့ ငါ့ညီမလေး စိတ်လွတ်ကိုယ်လွတ်နေလို့ရတာပေါ့။ ငါ့ညီမလေးကတော့ အာဂပါပဲဟေ့၊ လူတွေရဲ့အရေးကိစ္စဆိုတာက အတောမသတ်နိုင်ဘူးကွ။ ကိုယ်နိုင်သလောက်ပဲကူညီ။ နေရာတိုင်းကိုလည်း ရှေ့ကနေဝင်မပါနဲ့ဦး။ တစ်ခါတလေ စေတနာက ဝေဒနာတွေလည်း ဖြစ်သွားတတ်တယ်။ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်နော်။ ကြီးကြီးကိုလည်း ဂရုစိုက်ဦး။ အာဟာရရှိတာစားကြ။ လျှုချင်တန်းချင်ရင်လည်း မေမေတို့ထားခဲ့တဲ့ အတွင်းပစ္စည်းတွေရှိတာပဲကွာ။ ညီမလေးလိုအပ်သလိုသာသုံး ကြားလား။ ကိုကိုပို့ပေးတဲ့ပိုက်ဆံကိုလည်း သုံးကြ စားကြကွာ”

ထိုသို့ စိတ်ရင်းကောင်းမွန်သည့် ကိုကိုကြီးရှိခြင်းကလည်း ငြိမ်းက ကံထူးသူဖြစ်၏။

(၃)

“ဟူး...။ ဒီနေ့ နည်းနည်းပင်ပန်းတယ် ကိုရယ်။ နေလို့လည်းသိပ်မကောင်းချင်ဘူး။ ငြိမ်း ခင်မင်ရတဲ့ အစ်မကြီးနာရေးဆိုတော့ သွားမကူလို့မဖြစ်ဘူးလေ။ သူ့နောက်ဆုံးခရီးကို ငြိမ်းကိုယ်တိုင်လိုက်ပို့ချင်တာပေါ့”

အသင်းဝတ်စုံကို မလဲအားသေးဘဲ ကိုချိန်းဆိုထားသည့် အအေးဆိုင်ကို ငြိမ်း လာခဲ့လိုက်သည်။ ဆိုင်ထောင့်ကစားပွဲခုံမှာ ကိုက မျက်မှောင်ကုပ်ပြီးထိုင်နေသည်။ ကို့ထိုင်ခုံဘေးမှာ ဝင်ထိုင်ရင်း ပြောလိုက်သည့် ငြိမ်းစကားကို ဘာမှမတုံ့ပြန်။ ကို စိတ်ဆိုးနေမည်ကို ငြိမ်း သိလိုက်ပါသည်။

“ငြိမ်း နောက်ကျမှရောက်လာလို့ စိတ်မဆိုးပါနဲ့ ကိုရယ်။ နော်...။ ကို ပြောစရာရှိတယ်ဆို။ ပြောလေ...”

မျက်နှာငယ်လေးနှင့် တောင်းပန်စကားဆိုနေသည့် ငြိမ်းကို စူးစိုက်စွာကြည့်ပြီး ကို သက်ပြင်းချနေသည်။ ဆံပင်တွေကို ထိုးဖွလိုက်ပြီးမှ ကို စကားပြန်ပြောလေ၏။

“အမေနဲ့ကို ပြဿနာဖြစ်နေပြီ။ အမေက အပြတ်ပြောနေပြီ ငြိမ်း။ ငြိမ်းနဲ့ ကို့ကို သဘောမတူဘူးတဲ့။ ပရဟိတစိတ်ရှိတဲ့ မိန်းမက အိမ်ထောင်မှုကို နိုင်နင်းအောင် ထိန်းသိမ်းမယ်မထင်ဘူးတဲ့ကွာ”

“အို...ငြိမ်းက သူတစ်ပါးအရေးကိုတောင် စာနာစိတ်နဲ့ ကူညီလုပ်ပေးနေသေးတာ။ အိမ်ထောင်ပြုပြီးရင် ကိုယ့်မိသားစုအရေးကို ပိုပြီးဂရုစိုက်လုပ်ပေးမှာပါ။ ငြိမ်း အိမ်ရှင်မတာဝန်လည်း ကျေပွန်ပါ့မယ် ကို ရယ်။ တစ်ခုတော့ရှိတယ် ငြိမ်း စိတ်အားသန်တဲ့ လူမှုရေးအလုပ်ကိုလည်း လုပ်ခွင့်ပေးပါနော်”

“ငြိမ်းရယ်...ကို့မှာကလည်း အမေတစ်ခု သားတစ်ခု ဘဝလေ။ အမေစိတ်ညစ်မှာလည်း ကို မလိုချင်ဘူး။ နာရေးကူညီမှုအသင်းကနေ ငြိမ်း ထွက်လိုက်ပါကွာ။ အဲဒီအလုပ်ကို အမေက မသတီဘူး”

“ဘာမသတီစရာရှိလို့လည်း။ သတ္တဝါတိုင်းက ဖြစ်ဖြစ်သမျှခန္ဓာကိုယ် ပျက်ပြုန်းသေဆုံးရတဲ့ မရဏလမ်းကို သွားကြရမှာပဲလေ။ အသက်ရှင်နေသူတွေက အသက်မဲ့သူကိုကောင်းမွန်စွာပို့ဆောင်ပေးကြရတာ မွန်မြတ်တဲ့အလုပ်ပါ ကိုရယ်”

“ငြိမ်းစိတ်ထားကို ကိုနားလည်ပါတယ်။ အမေ့ကိုလည်း ကို နားဝင်အောင် ပြောပြလို့မရဘူးဖြစ်နေတယ်။ ကိုတို့ လက်ထပ်နိုင်ဖို့က ငြိမ်းအပေါ်မှာပဲ မူတည်နေပြီ။ ကိုက အမေစိတ်တိုင်းကျတဲ့ မိန်းမကိုပဲ လက်ထပ်လို့ရမှာ။ ငြိမ်းရယ်...အမေ့သဘောအတိုင်းနေပေးပါလားကွာ။ ကို ငြိမ်းကို သိပ်ချစ်လို့ပါ။ ငြိမ်းလည်း ကို့ကို ချစ်တယ်လေ”

“အဟင်း...ဟင်း...။ သေချာစဉ်းစားပါ ကို။ ကိုက ငြိမ်းကိုသိပ်ချစ်တာလား။ ကို့အမေနဲ့ ကို့အတ္တကို သိပ်ချစ်တာလား။ ငြိမ်းက ကို့ကို သိပ်ချစ်ပါတယ်ဆိုပြီး ငြိမ်းရဲ့ ဗီဇနဲ့ ပရဟိတစိတ်ထားတွေကို စွန့်ပစ်ရမှာလား”

“ငြိမ်းနဲ့ကို မဝေးချင်ဘူးကွာ”

“အတ္တစိတ်တွေများနေတဲ့ ကိုတို့ သားအမိနဲ့လည်း ငြိမ်းက မနီးချင်ပါဘူး”

ပြတ်သားလွန်းသည့် ငြိမ်းစကားကို ခွန်းတုံ့မပြန်နိုင်တော့သည့် ကို့ကို နှုတ်မဆက်ဘဲ ငြိမ်းပြန်ခဲ့တော့သည်။

(၄)

သဘာဝတရားကြီးက ဖန်ဆင်းပေးထားသည့် လောကကြီးကို သက်ရှိလူသားများကပဲ စည်းကမ်းမဲ့စွာ အတ္တ၊ လောဘများနှင့် ဖျက်ဆီးနေသကဲ့သို့ သိမ်မွေ့နူးညံ့သော ချစ်ခြင်းမေတ္တာများကိုလည်း အတ္တမာန လောဘများက ဖျက်ဆီးလိုက်ပြန်ပြီ။ စည်းကမ်းမဲ့စွာ မြစ်ထဲ ချောင်းထဲသို့ အမှိုက်များ စွန့်ပစ်ခြင်းကြောင့် ရေသယံဇာတတွေ ဆုံးရှုံးကြရသလို လောဘတကြီးနှင့် သစ်ပင်များစွာကို တရားမဝင် ခုတ်ယူကာ စီးပွားရှာကြသော လူသားတွေကြောင့် သဘာဝတရားများပျက်သုန်း၍ ရာသီဥတုကမောက်ကမများ ဖြစ်လာရတော့သည်။ တဖြည်းဖြည်းပူနွေးလာသည့် ကမ္ဘာကြီးမှာ သဘာဝဘေးအန္တရာယ်တွေ မကြာခဏဖြစ်ပွားလာသည်နှင့်အမျှ ဒုက္ခသည်လူဦးရေများပြားလာသည်။

“မငြိမ်းရေ...ရေဘေးအလှူကားက မနက်ငါးနာရီထွက်မှာ ဟုတ်လား။ ညီမကို ဝင်ခေါ်ပါနော်။ အိမ်ရှေ့ကနေ အဆင်သင့် စောင့်နေပါ့မယ်”

“ခေါ်မယ် ညီမရေ။ မစုတို့ကော လိုက်ကြမှာ။ ညီမတို့လို သွက်သွက်လက်လက်လူငယ်လေးတွေနဲ့ ဒုက္ခရောက်နေသူကို သွားပြီးကူညီရမှာ ပီတိဖြစ်လိုက်တာ။ ကျေးဇူးပါကွယ်”

“ညီမကလည်း မငြိမ်းတို့လို စေတနာထားပြီး အများအကျိုးဆောင်ရွက်တတ်တဲ့ ဦးဆောင်သူတွေကို ကျေးဇူးတင်ပါတယ်”

ကိုနဲ့လမ်းခွဲရခြင်းကြောင့် ငြိမ်း ကြာကြာ အသည်းကွဲမနေအားချေ။ လိုအပ်နေသူတွေကို အုတ်တစ်ချပ် သဲတစ်ပွင့်စာမျှဖြစ်ပါစေ ကူညီချင်နေသည်က ငြိမ်း၏ စိတ်ရင်းအမှန်ပင်။ ရေဘေးကြောင့် ဒုက္ခရောက်နေသူတွေကို လှူဒါန်းမည့်ပစ္စည်းများကို သေချာထုပ်ပိုးပြင်ဆင်ထားသည်။

စိတ်တူကိုယ်တူ ချစ်သူနှင့်သာ ယခုလို ပရဟိတအလုပ်တွေလုပ်နေရမည်ဆိုပါက ငြိမ်းအတွက် ပီတိများက အလွန်ဝေဖြာနေမည်ထင်၏။ ရုတ်တရက် ကို့ကို သတိရမိသည့်စိတ်ကို မနက်ဖြန်သွားရောက်လှူဒါန်းမည့် ခရီးစဉ်အတွက်သာ နှစ်မြှုပ်လိုက်မိသည်။

“သတိရမနေပါနဲ့တော့ ငြိမ်းရေ။ သူက နင့်ထက် သူတို့ဖြစ်ချင်တဲ့ အတ္တကို ပိုချစ်တာလေ။ သူ့အမေ သဘောကျတဲ့ မိန်းကလေးနဲ့ ရွှေလက်တွဲသွားတာ ကြာပြီပဲ။ မေ့နိုင်အောင် မေ့လိုက်တော့”

ငြိမ်း ကိုယ့်ဘာသာ တီးတိုးရေရွတ်လိုက်မိသည်။

(၅)

“နာရေးလိုက်ပို့ရမှာ စိတ်မကောင်းစရာပါအေ။ ကောင်မလေးက ရိုးရိုးအေးအေးလေးရယ်။ ယောက္ခမကို ကြောက်လိုက်ရတာလည်း ပျာနေတာပဲ”

“ဟုတ်ပ့ါ။ သူ့ ယောကျ်ားကလည်း ကြင်နာပုံမရပါဘူး။ ကျန်ခဲ့တဲ့ကလေးလေးကသနားစရာ အခုမှ လမ်းလျှောက်တတ်ခါစလေး”

“ဒေါ်မူမူကို မျက်နှာကြောမတည့်ပေမဲ့ ကောင်မလေးကို သနားလို့ နာရေးလိုက်ပို့တာ”

“ကျွန်မလည်း အဲဒီလိုပါပဲ။ ကောင်မလေးက ညနေစောင်းမှ ခေါင်းလျှော်ရေချိုးပြီး အိပ်လိုက်တာတဲ့။ အိပ်နေလို့ဆိုပြီး ဒေါ်မူမူက ဆူပူပြီး သွားနှိုးတော့ အသက်မရှိတော့ဘူးတဲ့လေ”

“ကောင်မလေးမှာ အိမ်ထဲက အိမ်အပြင်လည်းမထွက်ရ၊ ဈေးသွားရင်း ရပ်ကွက်ထဲကလူတွေနဲ့ နှုတ်ဆက်ခေါ်ပြောရင်လည်း အဆူခံရတယ်ဆိုပဲ။ ထမင်းစားကျွန်ခံဘဝလို နေရရှာတာ။ အင်း...အခုတော့ သူလွတ်လပ်သွားပြီပေ့ါလေ”

ကရုဏာစကားတွေ တီးတိုးပြောနေကြသည့် အမျိုးသမီးထုမှာ မျက်ရည်ကြည်များ ရစ်သိုင်းလျက်။ အိပ်ပျော်နေသလို အေးချမ်းနေသည့်အသက်မဲ့ခန္ဓာကိုယ်လေးကို ငြိမ်းတို့အသင်းသူတွေ သယ်မပေးရမည်။ ကလေးငယ်ကို ချီထားရင်း ငြိမ်းကို လှမ်းကြည့်နေသည့် ချစ်ခဲ့ဖူးသူ ကို့ကို ငြိမ်း ငဲ့မကြည့်မိ။ ငြိမ်းကို မြင်လိုက်တိုင်း နှုတ်ခမ်းကို ခပ်ဟဟဖွင့်ပြီး အသံတိတ်ရေရွတ်တတ်သည့် ဒေါ်မူမူက နှုတ်ခမ်းတင်းတင်းစေ့ထား၏။ ဒေါ်မူမူ အသံတိတ်ရေရွတ်ခဲ့သံကို ငြိမ်း မငြင်းလိုပေ။ ဟုတ်ပါသည်။ ငြိမ်းတို့ အသင်းသူအားလုံးက “နာရေးကူညီသူတွေပါ”။

## ကြိုတင်ကာကွယ် မီးဘေးအန္တရာယ်

❖ ပွင့်လင်းရာသီ ချိန်ကာလ
ပူပြင်းလှ နေမင်းဝါ။
ဆော်သွေးပေ လေပွေရှူး
မြူးတဲ့ချိန်ခါ။

❖ ရွက်ဟောင်းတွေက ညှိုးနွမ်းလာ
ခြောက်သွေ့ကာ မြေသို့ခါ။
မီးဘေးအန္တရာယ် မရှိရေး
သတိပြုကြ။

❖ မီးဘေးရယ် အန္တရာယ်က
ကြီးမားလှ ကြောက်မက်ဖွယ်။
ဘုံရန်သူ ငါးမျိုးထဲ
ဆိုးလှရန်စွယ်။

❖ ဥစ္စာပစ္စည်း အိုးအိမ်ရယ်
အသက်တွေကွယ်စတေး။
မညှာတာ ရက်စက်မှုရယ်ဖြင့်
ဒုက္ခပြုသေး။

❖ ဆိုးလှရန်စွယ်မီးဘေး
ကြိုတင်တွေး ကာကွယ်မည်။
အိမ်ဝန်းကျင် မရှုပ်ပွရအောင်ဖြင့်
သန့်ရှင်းကြကိုယ်စီ။

❖ မီးကိုသုံးစွဲ စည်းကမ်းအညီ
လူသားပီပီ သိစိတ်ထား။
တို့မြို့ရွာ တို့ချစ်လို့
ဆောင်ရွက်စို့လား။ ။

မောင်ချမ်းမြေ့ (ပညာရေး)

-------------------------

## ယဉ်ကျေးမှုအမွေ ထိန်းစို့လေ

○ ဝေဖန်ပိုင်းခြား မှတ်သားဖွယ်
လိုက်စားများလှငယ်
ညစ်ညမ်းမှုပယ် စာပေကောင်း
လေ့လာကြစေကြောင်း။

○ ရေမြေခံကောင်း တို့မြန်မာ
မွေးဖွားလူဖြစ်လာ
ကိုယ်မွေးဖွားရာ ကိုယ့်ဇာတိ
ယဉ်ကျေးမှု အစုံရှိ။

○ ဒြပ်ရှိ ဒြပ်မဲ့ ကမ္ဘာ့အမွေ
ပေါ်များကြွယ်ဝပေ
ပွဲတော်တွေနဲ့ စေတီဘုရား
မြို့ဟောင်း အသုံးအဆောင်များ။

○ ထင်ရှားခံ့ညား ဝတ်စားဆင်
တိုင်းရင်းသားစုံလင်
ဇာတ်သဘင်နဲ့ စာ၊စကား
တိုင်းပြည်ဒေါက်တိုင်များ။
ထိန်းသိမ်းကြစို့လား။ ။

မောင်စိုးငွေ(ကသစ်မြေ)

ဆောင်းပါး

# လူငယ်နှင့် နည်းပညာ

■ ဇင်မင်းစိုး(ပိုလ်ကလေး)

နည်းပညာတိုးတက်လာသော ယနေ့ခေတ်တွင် လူသားတို့သည် အရာဝတ္ထုမျိုးစုံတို့ကို တီထွင်ဖန်တီးလာကြလေသည်။ ‘ပြောမယုံ၊ ကြုံဖူးမှသိ’ ဆိုသည့်အတိုင်း မယုံနိုင်လောက်အောင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာလေသည်။ ခေတ်မီဆန်းပြားသည့် လူသုံးကုန်ပစ္စည်းများ၊ စက်ကိရိယာများကို ဖန်တီးလာကြသဖြင့် လူနေမှုအဆင့်အတန်းလည်း မြင့်မားလာခဲ့လေသည်။

ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံကြီးများတွင် လျှပ်စစ်ကားများ၊ ကျည်ဆန်ရထားများ၊ မောင်းသူမဲ့လေယာဉ်များ၊ မောင်းသူမဲ့ကားများကို တွင်ကျယ်စွာ အသုံးပြုနေကြပြီ ဖြစ်လေသည်။ လူသားတို့ တီထွင်ဖန်တီးသော ခေတ်မီနည်းပညာများကြောင့် တိုးတက်ဖြစ်ထွန်းမှုများ၊ အကျိုးပြုမှုများကို အံ့ဖွယ်ဘနန်း တွေ့မြင်ရလေသည်။ နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူငယ်များ၏ အခန်းကဏ္ဍလည်း အရေးပါလာလေသည်။

ခေတ်ဝန်ကိုထမ်း၊ ခေတ်လမ်းကိုလျှောက်ကြရမည့် လူငယ်များသည် တိုးတက်မြင့်မားလာသည့် နည်းပညာနောက်ကို အမီလိုက်ကြရလေသည်။ လူငယ်များ ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ လူငယ်များအား ယခုအချိန်မှစ၍ ပြုစုပျိုးထောင်ပေးရတော့မည် ဖြစ်လေသည်။

အနာဂတ်မျိုးဆက်သစ် လူငယ်များသည် အရာရာကို စွမ်းဆောင်နိုင်ကြသူများ ဖြစ်ကြလေသည်။ ယခုအချိန်မှစ၍ ကြိုးစားထားမှ နောင်လာမည့် လူငယ်မျိုးဆက်သစ်များကို လက်ဆင့်ကမ်း အမွေပေးအပ်နိုင်တော့မည် ဖြစ်လေသည်။

မြန်မာနိုင်ငံတွင် ရှေးအခါက လျှပ်စစ်ထမင်းပေါင်းအိုး၊ လျှပ်စစ်ဒယ်အိုးများကို ထုတ်လုပ်သုံးစွဲခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရလေသည်။ Made in Burma (မြန်မာပြည်တွင် ထုတ်လုပ်သည်) ဟူသော စာသားလေးများကို တွေ့မြင်ရလျှင် ရှေးအခါက လူနေမှုစနစ်ကို ပြန်လည်လွမ်းမောတမ်းတမိလေသည်။ စက်မှုလုပ်ငန်းများ ထွန်းကားသော ရှေးအခါက စက်ရုပ်များကိုပါ တီထွင်ခဲ့ကြောင်း လေ့လာမှတ်သားဖူးလေသည်။ တာဝန်ကျေပွန်ခဲ့သော ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များပင် ဖြစ်လေသည်။

ယနေ့ခေတ်အခါတွင်လည်း လူငယ်လူရွယ်များသည် ခေတ်မီနည်းပညာများကို သင်ယူပြီး တီထွင်ဖန်တီးမှုအသစ်များ ဖန်တီးပြုလုပ်လျက်ရှိပါသည်။ လူသုံးကုန်ပစ္စည်းများဖြစ်သော ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ လက်သန့်ဆေးနှင့် အခြားမီးဖိုချောင်သုံးပစ္စည်းများကိုလည်း ထုတ်လုပ်သုံးစွဲလာကြလေသည်။

ကျေးလက်တောရွာများတွင်လည်း တောခေလေ့အနေအထားအရ တီထွင်သော ရေဒလက်ဖြင့် အလိုအလျောက်ရေတင်ပေးသည့် လက်မှုကိရိယာများကိုလည်း တွေ့မြင်ရလေသည်။ ရေစီးအားကို အသုံးပြု၍ လယ်ကွင်း၊ ယာကွင်းများတွင် ရေထည့်သွင်းသည့် နည်းစနစ်ကြောင့် ဒီဇယ်၊ ဓာတ်ဆီများ ကုန်ကျစရိတ် နည်းပါးပြီး လူသက်သာစေလေသည်။

မြို့ကြီးပြကြီးများတွင် သုံးဘီးဆိုင်ကယ်များ တီထွင်ဖန်တီးလာမှုကြောင့် ကုန်စည်စီးဆင်းတင်ပို့မှု ယခင်ကထက် ပိုမိုလျင်မြန်တိုးတက်လာလေသည်။ နည်းပညာမြင့်မားလာမှုကြောင့် အိမ်သုံးဆေးဝါးများကိုလည်း မြန်မာလူမျိုးများကိုယ်တိုင် ဖော်စပ်အသုံးပြုလာကြပြီး သက်သာပျောက်ကင်းလျက်ရှိလေသည်။

‘လိုလျှင်ကြံဆ နည်းလမ်းရ’ ဆိုသည့်အတိုင်း ကွန်ပျူတာနှင့် ဖုန်းစနစ်များတွင် နိုင်ငံတကာသုံး မြန်မာယူနီကုတ် (Myanmar Unicode) စနစ်ကို တီထွင်ဖန်တီးပြီး အသုံးပြုလျက်ရှိရာ ယခုအခါ လျင်မြန်ချောမွေ့စွာ အသုံးပြုနိုင်ကြပြီ ဖြစ်လေသည်။ နည်းပညာမြင့်မားသော ယနေ့ခေတ်တွင် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာ ဖြစ်သည်ဆိုသည့်အတိုင်း မိမိတို့သိလိုသည့် နည်းပညာနှင့် အကြောင်းအရာများကို စာအုပ်စာပေနှင့် အွန်လိုင်းစာမျက်နှာများပေါ်တွင် အလွယ်တကူ ရှာဖွေလေ့လာ သင်ယူနိုင်လေသည်။

လူငယ်လူရွယ်များသည် ဉာဏ်ရည်ဉာဏ်သွေး စွမ်းပကားနှင့် လုပ်နိုင်ကိုင်နိုင်သည့် အရွယ်များ ဖြစ်ကြလေရာ နည်းပညာနှင့် ပေါင်းစပ်ပါက တိုးတက်ဖြစ်ထွန်းနိုင်လေသည်။ ကမ္ဘာကျော် သိပ္ပံပညာရှင်များသည် သိပ္ပံတီထွင်မှုများကို အကြိမ် ၃၀၀၀ မှ အကြိမ် ၅၀၀၀ အထိ ကြိမ်ဖန်များစွာ လိုအပ်ချက်ရှာ၍ စမ်းသပ်တီထွင်ကြရာ အကြိမ် ၃၀၀၁ ကြိမ်မြောက် သို့မဟုတ် အကြိမ် ၅၀၀၁ ကြိမ်မြောက်မှသာလျှင် တီထွင်အောင်မြင်ခဲ့ကြသည့် ဖြစ်ရပ်များ ရှိခဲ့ကြလေသည်။ အောင်မြင်မှုတစ်ခုရရှိရန်အတွက် စိတ်ရှည်သည်းခံမှုနှင့် ဖွဲ့၊ လုံ့လ၊ ဝီရိယတို့ လိုအပ်ကြောင်း သိရှိမှတ်သားရပါသည်။

ယနေ့ခေတ် လူငယ်အများစုသည် စူးစမ်းသိလိုစိတ်ပြင်းပြကြလေသည်။ စက်ကိရိယာအပျက်အစီးများ တွေ့မြင်ပါက နည်းလမ်းမျိုးစုံဖြင့် ရှာဖွေပြုပြင်တပ်ဆင်ကြလေရာ ပြန်လည်အသုံးပြုနိုင်လေသည်။ ‘ရှာဖွေလေ တွေ့ရှိလေ’ ဖြစ်သဖြင့် မည်သည့်အပိုင်းပျက်စီးသည်၊ မည်သို့ပြုပြင်နိုင်သည်၊ မည်သည့်အရာဖြင့် လဲလှယ်တပ်ဆင်လျှင်ရနိုင်သည်ကို သိရှိကြလေရာ ‘အချိန်မီချုပ် အစုတ်သက်သာ’ ဆိုသလို အလုံးစုံ ကုန်ကျသွားမည်ထက် တစ်စိတ်တစ်ပိုင်း ကုန်ကျသည်က ပို၍သက်သာအဆင်ပြေလေသည်။

လူငယ်များ၏ အဓိကအားသာချက်မှာ လုပ်နိုင်စွမ်းရှိမှုပင် ဖြစ်လေသည်။ ဘဝကို စတင်ပျိုးထောင်ချိန်ဖြစ်၍ အသိပညာ၊ နည်းပညာများ လိုအပ်လေသည်။ တတ်ကျွမ်းသည့် ဆရာသမားများထံတွင် ဆည်းကပ်၍ နည်းပညာသင်ယူပြီး မိမိဘဝအတွက် အသက်မွေးဝမ်းကျောင်း ပြုနိုင်လေသည်။ ယခုအခါ လူငယ်များကိုယ်တိုင် စုဖွဲ့၍ ကိုယ်ပိုင်နည်းပညာဖြင့် ပြုလုပ်ထားသော စားစရာမျိုးစုံ၊ အအေးဖျော်ရည်မျိုးစုံ ဖွင့်လှစ်ရောင်းချသောဆိုင်လေးများ တစ်နိုင်တစ်ပိုင် ဖွင့်လှစ်ရောင်းချလာကြသည်ကို တွေ့မြင်ရလေသည်။

လူငယ်လူရွယ်များ ဖွင့်လှစ်သော ပန်းအလှပျိုးပင်ဆိုင်များသို့ ရောက်ဖူးလေသည်။ သစ်ခွမျိုးစိတ်များကို နည်းပညာများ ပေါင်းစပ်၍ မျိုးပွားထားခြင်း၊ သစ်ခွပန်းအရောင်စပ်ခြင်းနှင့် ဓာတ်မြေသြဇာ ဖျော်စပ်ခြင်းတို့ ပြုလုပ်ရောင်းချလာကြသည်ကို တွေ့မြင်ရလေသည်။ ‘အခြားနိုင်ငံမှ မှာယူတင်သွင်း ရောင်းချခြင်းလား’ဟု မေးမြန်းသောအခါ မိမိတို့ဘာသာ နည်းပညာရှာဖွေဖော်စပ်၍ ကိုင်းကူးရောင်းချခြင်း၊ အရောင်စပ်ခြင်း ပြုလုပ်သည်ဟု ကြားသိရသဖြင့် များစွာ အံ့သြမိလေသည်။ ‘ဘာတွေလိုအပ်သလဲ’ ဟု မေးမိရာ ‘စိတ်ရှည်မှု လိုအပ်သည်’ ဟု ရိုးသားစွာ ဖြေကြားလေသည်။

လူငယ်တို့၏ နည်းပညာရှာဖွေဖော်ထုတ်မှုကြောင့် အပင်ပုလေးများ ချစ်စဖွယ်တွေ့ရှိရပြီး အပင်ပုပုလေးမှာပင် အပွင့်ပွင့်ခြင်း၊ အသီးသီးခြင်းများ တွေ့ရှိရသဖြင့် စိတ်နှလုံးချမ်းမြေ့ဖွယ် ဖြစ်လေသည်။ ဘေးဥပဒ်ကင်းပြီး အဆင်း၊ အနံ့၊ အရသာ ပြည့်စုံကောင်းမွန်သဖြင့် နောင်တွင် စီးပွားဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်လေသည်။ လူငယ်တို့၏ စွမ်းပကားမှာ လေးစားဂုဏ်ယူဖွယ် ကောင်းလေသည်။

‘ယနေ့လူငယ် နောင်ဝယ်လူကြီး’ ဆိုသည့်အတိုင်း မိမိတို့ တတ်ကျွမ်းခဲ့သော အသိပညာ၊ အတတ်ပညာများကို နောင်မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေများ ပေးအပ်ခဲ့ကြမည် ဖြစ်ရာ ကောင်းမွန်သော ဓလေ့၊ ကြိုးစားမှုများ၊ အောင်မြင်မှုများနှင့် နည်းပညာများကို ပိုမိုတိုးတက်အောင် ထမ်းဆောင်ကြိုးစားသင့်ပါကြောင်း ရေးသားတိုက်တွန်းလိုက်ရပါတော့သည်။ ။

❖ ❖❖

## မေတ္တာရှေးရှု ကောင်းမှုပြု

✪ အမုန်းမဖက်ပါနဲ့
ကျင့်သုံးလျက် ပေးမေတ္တာ၊
လောကဝယ် လူသားချင်း
ဆွေရင်းပမာ။

✪ တစ်ဦးနဲ့တစ်ဦး ဖေးကူကာ
တွဲလက်သာ ခိုင်မာမြဲ၊
မာနတွေ ခဝါချ
လှပနေ့စွဲ။

✪ အပြစ်မပြောပါနဲ့
လူသဘောကို ဆင်ခြင်၊
ကောင်းတာကို ရှာဖွေကြည့်
တွေ့ရှိအမြဲပင်။

✪ နှလုံးသား ချစ်စိတ်ဝင်
အမုန်းမမြင် လှူတန်ဖိုး။
မိမိကိုယ် အစဉ်တွေးရှု
ထုဆစ်ကာကြိုး။

✪ အပြစ်မမြင် အမုန်းမဖက်
ရိုးသားလျက် ကြိုးစားပါ၊
လောကဝယ် ဂုဏ်သတင်း
မွှေးသင်းပေမှာ။

✪ မိမိသမိုင်း မိမိသာ
ရေးထိုးကာ ရှေ့ဆက်၊
နိုင်ရာဝန် ကိုယ်စီထမ်း
(အများအကျိုးကို…)
ကြိုးပမ်းဆောင်ရွက်။ ။

ချစ်သက်(မြန်မာစာ)

-------------------------

## လမြတ်တပို့တွဲ

❋ ကုံရာသီ တပို့တွဲ
ထမနဲပွဲ ဆင်ယင်ကာ။
ဗုဒ္ဓဂုဏ် ရည်မျှော်မှန်း
လှူဒါန်းကြမှာ။

❋ မာဃနက္ခတ် စန်းယှဉ်သာ
ချိန်တာရာ မှတ်သား။
မီးပူဇော် စဉ်မပြတ် တယ်
ထူးမြတ်ဂုဏ်ပွား။

❋ ထန်းဖူးတွေ ဝေဆာများ
သီးပွင့်ထွား လရာသီ။
မြူခိုးတွေ ရှစ်ခွင်တိုင်း
မှိုင်းအုံ့မှုန်ရီ။

❋ ထူးမြတ်သော ကျင့်ဝတ်ညီ
တင့်တယ်တည် ရှင်ရဟန်း။
သြဝါဒ ပါတိမောက်ဖြင့်
ထွန်းတောက်တင့်လျှမ်း။

❋ ပေါက်လဲတွေ ပွင့်လန်းဆန်း
ရာသီပန်း အမည်ခေါ်။
မြန်မာပြည် ရိုးရာပွဲ
ဆင်နွှဲလို့ပျော်။

❋ ထမနဲဆွမ်း ဤပွဲတော်
သာစုခေါ် မြတ်ဒါန။
ရွှေမြန်မာ နွေအကူး ဝယ်
ကြည်နူးသာစွ။ ။

ရွှေမြိုင်သူ ( မြန်မာစာ)

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် Thaicom Satellite ၏ နည်းပညာဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲများသို့ MRTV ကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇန်နဝါရီ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည့် Thaicom Satellite ၏ နည်းပညာဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲများနှင့် ဆက်စပ်လေ့လာရေးခရီးစဉ်များသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။



**ရှင်းလင်းဆွေးနွေး**

Thaicom ကုမ္ပဏီ/ရုံးချုပ်တွင် ဂြိုဟ်တုသုံး ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းစဉ်၊ Network service တွင် Centralized Manangement ပြုလုပ်ခြင်း၊ Up link နှင့် Down link signal တို့အကြား ထိရောက်သောအရည်အသွေးရယူ (Link Budget) တွက်ချက်ခြင်း၊ လိုင်းနှုန်းဆိုင်ရာနှောင့်ယှက်မှု ( Interference) အမျိုးမျိုးနှင့် ယင်းတို့ကို လျှော့ချနိုင်မည့်နည်းလမ်းများပို့ချဆွေးနွေးခြင်း၊ Transponder လက်ခံခြင်း အဆင့်ဆင့်၊ ဂြိုဟ်တုနှင့် ယင်း၏မြေပြင်စခန်း(earth station) ဆက်သွယ်အလုပ်လုပ်ခြင်း၊ Reception အချက်ပြလှိုင်းများလက်ခံခြင်း၊ Conversion လက်ခံထားသောအချက်ပြလှိုင်းများကို အသွင်ပြောင်းခြင်း၊ ပြုပြင်ကိုင်တွယ်ခြင်း၊ Amplification လှိုင်းပြင်းအားကိုလိုအပ်သလိုမြှင့်တင်ခြင်း၊ မြေပြင်စခန်းသို့ ပေးပို့ခြင်းနှင့် Control ယင်းဖြစ်စဉ်ကို ညက်ညောအောင် ပေါင်းစပ်ပေးခြင်း၊ ဂြိုဟ်တုဆိုင်ရာ တွက်ချက်မှုဖြစ်သော ဂြိုဟ်တု၏သက်တမ်းနှင့် ကြံ့ခိုင်မှု၊ လွှမ်းခြုံနိုင်မည့်ဧရိယာ၊ အသုံးပြုနိုင်မည့်လှိုင်းနှုန်း၊ လှိုင်း၏မြန်နှုန်း၊ အသုံးပြုမည့်ရုပ်/သံလွှင့်၊ ဆက်သွယ်ရေး၊ အင်တာနက်နယ်ပယ် စသည့်အချက်များကို ကျိုးကြောင်းညီညွတ်အောင် ပေါင်းစည်းခြင်း နည်းပညာတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ မိုးလေဝသ၊ သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုနှင့် စိုက်ပျိုးရေး၊ မြေစာရင်းနှင့် သစ်တောဆိုင်ရာကဏ္ဍများတွင် ဂြိုဟ်တုအသုံးပြုဝန်ဆောင်မှုပေးနိုင်မည့် အခြေအနေများကိုလည်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် MRTV OTT Platform Deployment နှင့် AI အသုံးချနည်းပညာမျှဝေပေးနိုင်မည့် အခြေအနေ၊ ဌာနမှအင်ဂျင်နီယာများကို Online၊ Inperson၊ လက်တွေ့လေ့လာရေးခရီးစဉ်များ ပေါင်းစပ်ပါဝင်သော ဂြိုဟ်တုဆိုင်ရာသင်တန်း ဆောင်ရွက်ပေးနိုင်ရေး၊ ဂြိုလ်တုငှားရမ်းခနှုန်းထား လျှော့ချသက်သာရေးနှင့် ဆက်စပ်သောဝန်ဆောင်မှုများ ရရှိနိုင်ရေးတို့ကိုလည်း အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် Thaicom Teleport သို့ သွားရောက်ကြပြီး Centralize Network Service room တွင် (CNS)ဂြိုဟ်တု၏ လွှင့်အားသက်ရောက်မှုမှန်ကန်တိကျစေရန် ထိန်းကျောင်းမှု၊ Master Control Room (MCR)တွင် လွှင့်ထားသည့် Signal လမ်းကြောင်း၊ Signal အင်အား၊ အချိန်ကိုက်ထုတ်လွှင့်နိုင်မှု ရှိ/မရှိ တို့ကို ထိန်းကျောင်းတည့်မတ်ပေးနေမှု၊ Satellite Control Desk Room (SCD) တွင် ဂြိုဟ်တု၏ ပတ်လမ်းကြောင်း တိကျစေရန်၊ တည်နေရာတိကျစေရန်နှင့် အဝေးထိန်းစနစ် ကောင်းမွန်စွာအလုပ်လုပ်နိုင်ရန် ထိန်းကျောင်းမှုများကို ရှင်းလင်းပြသ၍ ဆွေးနွေးပို့ချခြင်းများ ဆောင်ရွက်ကြသည်။

**ကြည့်ရှုလေ့လာ**

ခရီးစဉ်အတွင်း MRTV ကိုယ်စားလှယ်အဖွဲ့သည် Thaicom ဂြိုဟ်တု ဝန်ဆောင်မှုရယူထုတ်လွှင့်လျက်ရှိသည့် Work Point TV Station သို့ သွားရောက်ကြပြီး ဖျော်ဖြေရေးအစီအစဉ်နှင့် ဇာတ်လမ်းတွဲများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုနှင့် စတူဒီယိုများအလိုက် ရိုက်ကူးရေး ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းပြသမှုအား လိုက်လံကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ Thaicom ကုမ္ပဏီသည် ၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ဂြိုဟ်တုဝန်ဆောင်မှုကုမ္ပဏီဖြစ်ပြီး Thaicom Satellite ဂြိုဟ်တု ကိုးလုံးလွှင့်တင်ထားရှိမှုမှ ယခုအခါ သက်တမ်းလွန်ဂြိုဟ်တု လေးလုံးအား စွန့်လွှတ်၍ လက်ရှိငါးလုံးဖြင့် ဆောင်ရွက်လျက်ရှိပြီး မကြာမီ Thaicom-10 ဂြိုဟ်တုအသစ်တစ်လုံး ထပ်မံလွှင့်တင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်သွယ်ရေးလှိုင်းများ၊ ရုပ်သံလှိုင်းများနှင့် ဂြိုဟ်တုတိုက်ရိုက်အင်တာနက်စနစ်များကို ထောက်ပံ့ဝန်ဆောင်မှုပေးလျက်ရှိရာ အာဖရိက၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာရှဒေသများရှိ နိုင်ငံပေါင်း ၃၀ ကျော်တွင် အသုံးပြုလျက်ရှိကြောင်း သိရှိရသဖြင့် MRTV လေ့လာရေးအဖွဲ့အနေဖြင့် အကျိုးရလဒ်ရှိသော ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# MFF ယူ-၁၅ လိဂ်ပြိုင်ပွဲ တောင်ကြီးဇုန်နှင့် မန္တလေးဇုန်ပွဲစဉ်များ စတင်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

MFF ယူ-၁၅ လူငယ်လိဂ်ပြိုင်ပွဲ တောင်ကြီးဇုန်နှင့် မန္တလေးဇုန်ပွဲစဉ်များကို ဖေဖော်ဝါရီ ၁ ရက်က စတင်ကျင်းပသည်။

တောင်ကြီးဇုန်ပထမနေ့တွင် ရှမ်းအရှေ့ (TCL Academy) အသင်းက Paw Muu Region အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရပြီး ရှမ်းတောင်အသင်းနှင့် Paoh Newgeneration အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ မန္တလေးဇုန်အဖွင့်ပွဲတွင် Sparrow အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။

မန္တလေးဇုန်တွင် အသင်းခြောက်သင်း ယှဉ်ပြိုင်နေပြီး Sparrow အသင်း၊ စစ်ကိုင်းယူနိုက်တက်အသင်း၊ ရွှေပလိပ်အသင်း၊ Youth Soccer Future အသင်း၊ STNM အသင်း၊ အနီးစခန်းအသင်းတို့ ပါဝင်နေသည်။ ယင်းပွဲစဉ်များကို ဖေဖော်ဝါရီ ၁ ရက်မှ ဇွန် ၁၅ ရက်အထိ နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့်အသင်းမှာ Grand Final သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ တောင်ကြီးဇုန်တွင် ရှမ်းတောင်အသင်း၊ Paoh Newgeneration အသင်း၊ ရှမ်းအရှေ့ (TCL Academy) အသင်း၊ Paw Muu Region အသင်း၊ Middle Shan State အသင်းနှင့် အင်းလေးလူငယ်အသင်းတို့ ခြောက်သင်း ယှဉ်ပြိုင်နေသည်။ တောင်ကြီးဇုန်ပွဲစဉ်များကို ဖေဖော်ဝါရီ ၁ ရက်မှ ဇွန် ၁၅ ရက်အထိ နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံး ရရှိသည့်အသင်းမှာ Grand Final သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ယခုရာသီ MFF ယူ-၁၅ လိဂ်ပြိုင်ပွဲကို ရန်ကုန်၊ တောင်ကြီးနှင့် မန္တလေးမြို့တို့တွင် ဇုန်သုံးခုခွဲ၍ ကျင်းပလျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**



Sparrow အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပထမအကျော့နောက်ဆုံးပွဲစဉ် ယနေ့ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပထမအကျော့နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၉)ကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီမှ စ၍ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်တွင် ရာသီဝက်ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲအဖြစ် နှစ်မှတ်အကွာဖြင့် အပြိုင်ဖြစ်နေသည့် ထိပ်ဆုံးမှ MIU အသင်းနှင့် ဒုတိယနေရာမှ MH Dream Team အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပွဲစဉ် (၉) အဖြစ် ဖူဆယ်ချစ်သူအသင်းနှင့် Generations အသင်း၊ MH Dream Team အသင်းနှင့် MIU အသင်း၊ M2K အသင်းနှင့် SGF အသင်း၊ YCDC Marga အသင်းနှင့် YRG အသင်း၊ Winner Soccer အသင်းနှင့် VUC အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၈) အပြီးတွင် MIU အသင်းက ၂၂ မှတ်၊ MH Dream Team အသင်းက ၂၀ မှတ်၊ YRG အသင်းက ၁၅ မှတ်၊ Generations အသင်းတို့က ၁၄ မှတ်၊ M2K အသင်းက ၁၁ မှတ်၊ VUC အသင်းက ၁၀ မှတ်၊ YCDC Marga အသင်းက ရှစ်မှတ်၊ Winner Soccer အသင်းက ငါးမှတ်၊ ဖူဆယ်ချစ်သူအသင်းက လေးမှတ်၊ SGF အသင်းက သုံးမှတ်ရရှိထားသည်။

**ကိုညီလေး**

